# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၅)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈)ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈)ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များသိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်း **UN Peacekeeping Officer Course** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

**စာမျက်နှာ ၅ ကော်လံ ၁ ➜**




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်)

## နိုင်ငံ့စီးပွားအလေးထား တိုးပွားစေရမည်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသည် အဓိကအရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ စီးပွားရေးအင်အားခိုင်မာတောင့်တင်းပါက ကုန်သွယ်ရေးပိတ်ဆို့မှုဒဏ်၊ စီးပွားရေးကျဆင်းမှုဒဏ်၊ ကပ်ရောဂါများကြောင့်ဖြစ်ပေါ်လာသည့် စီးပွားရေးကျပ်တည်းမှုဒဏ်များကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်သည်။ ပြည်တွင်းလူမှုစီးပွားဘဝမြင့်မားမှုကြောင့် နိုင်ငံသားတိုင်း၏တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး အလုပ်လက်မဲ့နှုန်းများလည်းကျဆင်းလာပေမည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်တွင်းခရီးစဉ်များ၌လည်းကောင်း၊ ပြည်ပခရီးစဉ်များ၌လည်းကောင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မြင့်မားရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မကြာမီကသွားရောက်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်ခရီးစဉ်တွင် ဖိုရမ်တက်ရောက်ရန်အဓိကဖြစ်သော်လည်း နိုင်ငံအတွက်အချိန်ပေး၍ ဘယ်လာရုစ်နိုင်ငံ၏စီးပွားရေးကဏ္ဍကိုလေ့လာခဲ့သည်။ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာအမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိသည်။ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိသည်။ မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်ပါက ဘယ်လာရုစ်နိုင်ငံသည် ဧရိယာအကျယ်အဝန်းအရသေးငယ်ခြင်း၊ လူနေထိုင်မှုနည်းပါးခြင်းရှိသော်လည်း GDP ပိုမိုမြင့်မားသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မှုများပြားသည်။ အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်သည်။ မွေးမြူရေးတွင်နို့စားနွားမွေးမြူ၍ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး နို့ထွက်ပစ္စည်းများထုတ်လုပ်ကာ ပြည်ပသို့တင်ပို့သည်။ အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia တွင် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များအသုံးပြု၍ မျိုးကောင်းမျိုးသန့်များဖြင့်မွေးမြူပြီး ထွက်ရှိလာသည့်အသားများကို ပြည်ပသို့တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ အဆိုပါနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနည်းလမ်းများကိုအတုယူ၍ နိုင်ငံအတွင်းရှိပြီးဖြစ်သည့် အခြေခံကောင်းများကိုအသုံးချကာ စနစ်တကျဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ၎င်းတို့ကဲ့သို့အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပေါ်နေသူများဖြစ်သည်။ ယင်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့်သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့်လုပ်ကိုင်နေကြသူများဖြစ်ကြသည်။

ကျေးလက်နေပြည်သူများအဓိကထားလုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမှုလျှော့ချရေးတွင် များစွာအထောက်အကူဖြစ်စေနိုင်သည့်အပြင် လူမှုစီးပွားမြင့်မားလာမည်ဖြစ်သလို နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်သည်။ မည်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုမဆို ကျေးလက်ကိုဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမှုညွှန်းကိန်းများလည်း ကျဆင်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နေရာဒေသတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါးစသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိနေသည်။ အဆိုပါမွေးမြူရေးလုပ်ငန်းများမှာ ပြည်သူများနေ့စဉ်စားသုံးနေသည့် စားရေရိက္ခာများဖြစ်ပေရာ အဆိုပါမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ခြင်းဖြင့် စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းစေသကဲ့သို့ မွေးမြူသူများအနေဖြင့်လည်း လူမှုစီးပွားတိုးတက်မည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို နည်းပညာသည်အရေးပါသည့်အတွက် နည်းပညာမြင့်မားနေစေရန် သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သုတေသနလုပ်ငန်းသည် နိုင်ငံအတွက်အဓိကလိုအပ်သည့် သီးနှံများထုတ်လုပ်ရေးတွင် တိုးတက်မှုများကိုဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာ့ဒူးရင်းနှင့် စိန်တစ်လုံးသရက်ကဲ့သို့သောသီးနှံများကို အရည်အသွေးကောင်းမွန်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုကြရမည်ဖြစ်သည်။ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများအားတစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာ အရေအတွက်များများထုတ်လုပ်နိုင်မည်ဖြစ်သည်။ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြမည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်ကြပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မီတာတစ်လုံးထက်ပို၍ တပ်ဆင်သုံးစွဲနေသော မီတာများ၏ ယူနစ်များကို မီတာဘောလ်တစ်စောင်တည်းထုတ်၍ ဓာတ်အားငွေကောက်ခံနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့ကျစေရေးအတွက်မီတာတစ်လုံးထက်ပို၍တပ်ဆင်သုံးစွဲနေသော မီတာများ၏ယူနစ်များကို မီတာဘောလ်တစ်စောင်တည်းထုတ်၍ဓာတ်အားငွေကောက်ခံနိုင်ရေး ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ၊ ဘဏ္ဍာရေးတာဝန်ခံနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့ကျစေရေးအတွက် မီတာတစ်လုံးထက်ပို၍ တပ်ဆင်သုံးစွဲနေသောမီတာများ၏ယူနစ်များကို မီတာဘောလ်တစ်စောင်တည်းထုတ်၍ ဓာတ်အားငွေကောက်ခံနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည့်အပြင် တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုအခြေအနေများစစ်ဆေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုထံမှ သိရသည်။

(၆၀၂)

## ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိုင်းရှူး ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိကျေးရွာများ၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်လာစေရေးရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် မော်မေ့ကျေးရွာ ရေထွက်ဧရိယာ ဘေးဝဲ/ယာ ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရမည့်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်း၍ မော်မေ့ကျေးရွာ ရေထွက်ဧရိယာ ဘေး ဝဲ/ယာ၌ အရိပ်ရသစ်ပင်ပျိုးပင်များဖြစ်သည့် မဲဇလီပင်၊ စိန်ပန်းပြာပင်နှင့် ကျွန်းပင် စုစုပေါင်းအရိပ်ရပျိုးပင် ၁၂၀ ကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၁။ | ၁၇:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | | | |
| ၆။ | ၁၂:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | ၁၄။ | **၁၉:၀၀** | **ရုပ်မြင်သံကြားဇာတ်လမ်း ထွက်ပေါက်** |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ | | | **သရုပ်ဆောင်- နိုင်ဝင်း၊ ဦးစံပေါ်၊ ကြယ်စင်မေ** |
| ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး | | | **ဒါရိုက်တာ-နိုင်ဝင်း(မင်းဥက္ကာ)** |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် | | | |

## MWD Variety Channel

၂၂-၇-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၂၄ | သိမှတ်ဖွယ်ရာသုတကမ္ဘာ | ၄။ | ၁၂:၂၀ | စကားလက်ဆုံ |
| ၂။ | ၁၀:၃၂ | ကျန်းမာသောဘဝ | ၅။ | ၁၄:၃၈ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၁:၄၉ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့ | ၆။ | ၁၆:၁၅ | ဥပဒေမှတ်စု |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ



ရန်ကုန် ဇူလိုင် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ သင်ကြားဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော်များ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့်မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက "သာရဏီယ အဖွင့်ဩဝါဒကထာ" မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏက ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ယူဝမ်းမြောက်စကားလျှောက်ထားကြပြီး ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အမိဋ္ဌာန်အမေး၊ အဖြေပြု၍ သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၁ ပါး/ဦးတို့ကို သက်ဆိုင်ရာဘွဲ့နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ယင်းနောက် ဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန်ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန်ရွှေတံဆိပ်ဆုရှင် ဗီယက်နမ် (သီလရှင်) Nguyen Anh Tuyet အား ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်သည့် ရွှေစင်ရွှေပြားဆုတံဆိပ်ကို ပါမောက္ခချုပ်ဆရာတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့်သံအမတ်ကြီးများကို ဒုတိယပါမောက္ခချုပ်(စီမံ)က အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ ဘွဲ့ရ (ပြည်ပ) သင်တန်းသား၊ သင်တန်းသူများ၏နိုင်ငံများမှ သံအမတ်ကြီးများကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"တွင် မော်ကွန်းတင်လက်မှတ်ရေးထိုး၍ ဘွဲ့ရကျောင်းသားများကို ဆုံးမဩဝါဒကထာမြွက်ကြား ချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်ထိ တက္ကသိုလ်သို့တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း၊ ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၅၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၇၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၉၃၇ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၄၂၁ ပါး/ ဦး စုစုပေါင်း ၂၆၈၆ ပါး / ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြည်တွင်း၊ ပြည်ပ သင်တန်းသား စုစုပေါင်း ၄၀၈ ပါး / ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါမည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်လျက်ရှိကာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့်ပါဠိဘာသာရပ်များအပြင် သမထနှင့်ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကျင့်စဉ်များကိုပါ တက္ကသိုလ်အနေဖြင့် လက်တွေ့ကျကျသင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အရာထမ်းလောင်း(အထူး)သင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၁

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပါမောက္ခချုပ်၊ သင်ကြား/စီမံဌာနများမှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားပြီး အဂတိတရားကင်းရှင်းကာ စိတ်ဓာတ်နှင့် ခံယူချက်ကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် ပြုမူနေထိုင်ကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းစွာ နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၁ ဦး၊ သင်တန်းသူ ၁၁၂ ဦး စုစုပေါင်း ၂၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၂၁ ရက်မှ နိုဝင်ဘာလ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီ ၄၄ မိနစ် ၄၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၂ မိုင်ခန့်အကွာမြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏အနောက်ဘက် ၃၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၉၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ တတိယ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၆ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၈ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ခရီးသည်များအနက်တွင် ကျွန်ုပ်၏အဖော်တစ်ယောက်တည်းသောအမျိုးသမီးပါ၍ ကားသမားများက ရှက်ဖွယ်ကြီးဖြန့်ခင်းပေးသည့်အပေါ်တွင် အားလုံးစီတန်းအိပ်ကြရ၏။ အဖော်အမျိုးသမီးမှာ ကြောက်လည်း ကြောက်တတ်၍ တခြားယောကျ်ားများကိုလည်း ယုံကြည်ပုံမရသဖြင့် တစ်ညလုံး "ကိုကြီးသိန်း အိပ်ပြီလား"ဟု ခဏခဏမေးခြင်းကြောင့် အိပ်ပျက်ခဲ့ရပါသေးသည်။

နံနက်လင်း၍ ဆက်လက်မောင်းကြရာတွင် ရွာသာကြီးရွာသို့ရောက်၍ ကျွန်ုပ် ဆင်းခဲ့ရ၏။ ဤရွာမှ မန်ကျည်းတုံ့ရွာသို့ ခုနစ်မိုင်ခန့်ဝေး၍ လှည်းငှားရဦးမည်ဖြစ်လေသည်။ ကံအားလျော်စွာ ဌာနအုပ်ပင်စင်စား မိတ်ဆွေတစ်ယောက်နှင့် အဆင်သင့်တွေ့၍ သူ၏အိမ်သို့ခေါ်သွားပြီး နံနက်စာကျွေး၍ သူ့သမက်အား လှည်းနှင့်လိုက်ပို့စေပါသည်။ 'အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်း' စာအုပ်မှာ ကျွန်ုပ်ရေးခဲ့သမျှသောစာအုပ်များတွင် အခဲယဉ်းဆုံးရောင်းထုတ်ရသော်လည်း စာအုပ်တွင်ပါရှိသောနည်းနာများအရ လိုက်နာခြင်းကြောင့် အကျိုးများပါပေသည်ဟု ကျေးဇူးတင်စာများရရှိသည့်အတွက်ကြောင့် ခဲယဉ်းစွာရေးခဲ့ရကျိုးနပ်ပါပေသည်ဟု ကျေနပ်မိပါသည်။

**စိတ်ကူးတစ်ခု ပေါ်လာခြင်း**

ကျွန်ုပ်သည် 'အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်း' စာအုပ်ကို အစမ်းသဘောဖြင့်ရေးသားခဲ့ခြင်းဖြစ်ရာ ဦးလှ၊ ဒေါ်အမာတို့က(အားနာပါးနာနှင့်) လက်ခံလိုက်ကြရဟန်တူသော်လည်း စက္ကူရှားပါးခြင်းကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိခြင်းကို ကျွန်ုပ်သိခဲ့ရသဖြင့် စာအုပ်များ ဆက်လက်ရေးသားဖို့ တွန့်ဆုတ်သွားခဲ့ပါလေပြီ။ ကျွန်ုပ်ကို မွေးထားသည့် ဖခင်ပင်ဖြစ်စေ၊ သူ၏ထမင်းကို ကြာရှည်စွာ ထိုင်စားဖို့ ဝန်လေးတတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း တစ်နည်းနည်းဖြင့် ဝမ်းစာအတွက်ရဖို့ အကြံထုတ်ပါတော့သည်။ လေးကောင်ဂျင်ထိုးခြင်းအလုပ်ကို ဖခင်သဘောမကျသည့်အပြင် ဂျင်ဝိုင်းမှာလည်း ခြောက်ခန်း၍ သွားပါလေပြီ။ ခြောက်ခန်းရပုံမှာ ဂျင်ကစားသူများသည် မန်ကျည်းတုံ့ရွာသားများ ချည်းဖြစ်လေရာ ကစားသမားတို့၏ထုံးစံအတိုင်း နိုင်သောအခါတွင် သုံးဖြုန်းပစ်ကြ၍ ရှုံးသောအခါ၌ အိတ်ထဲက ရှုံးကြရ၏။ ဥပမာ- ငွေ ၁၀၀ ကျပ်နိုင်သောလူတစ်ယောက်သည် နိုင်သည်ဆိုရုံ ဝယ်ခြမ်းသုံးဖြုန်းပစ်လိုက်ပြီးနောက် ငွေ ၁၅၀ ကျပ် ရှုံးသောအခါ၌ လက်ကိုင်ပြတ်သွားလေတော့သည်။ ဤသို့ဖြင့် ကျွန်ုပ်မှတစ်ပါး လုံးပါးပါးကုန်ကြသည်ဖြစ်၍ ဂျင်ကစားနိုင်သူမရှိတော့ဘဲ ရပ်စဲလိုက်ကြလေ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် မန်ကျည်းတုံ့ရွာနှင့်တစ်မိုင်သာသာဝေးသည့် သခွတ်တောရွာသို့အလည်အပတ်



ရောက်သွားရာ ထိုရွာသားများသည် ဆားချက်ခြင်းအလုပ်ဖြင့် အသက်မွေးကြသူများ ဖြစ်၏။ ယင်းရွာ၌ ဖခင်၏ဆွေမျိုးများရှိကြ၍ ကျွန်ုပ်သည် ဆားချက်သောလုပ်ငန်းကို လေ့လာကြည့်ရာ အတော်စိတ်ဝင်စားမိ၏။ ကျွန်ုပ်မှာ စက်မှုလက်မှုအလုပ်မျိုး(Industry)၌ ဝါသနာပါသူမဟုတ်သော်လည်း ဉာဏ်ထုတ်၍ စဉ်းစားခြင်းအလုပ်တွင် အထုံပါသူဖြစ်သည်နှင့် ဤလုပ်ငန်းကို ကျွန်ုပ်လုပ်ရလျှင် လူသက်သာသောနည်း သို့မဟုတ် လျင်မြန်စေသောနည်း စသည်တို့ကို စိတ်ထဲတွင် စိတ်ကူးလေးများ ပေါ်လာ၏။ (ဟုတ်မဟုတ်ကား စမ်းကြည့်မှပင်သိမည်။ မည်သည့်နည်းမဆို နစ်ခုတွင် တစ်ခုတော့ ဟုတ်ရမည်ဟု ယနေ့တိုင်ထင်လျက်ရှိသည်။) ဥပမာ - မြေကြီးများသယ်ယူရာတွင် တောင်းကို ခါးစောင်းတင်၍ သယ်ယူကြရာ လက်တွန်းလှည်းသုံး၍ တစ်ခုတည်းသောဘီးကို ဆားခံများအကြားမှ တွန်းယူရလျှင် သူတို့ထက်နှစ်ဆလောက် အလုပ်တွင်ကျယ်လိမ့်မည်ဟု ထင်မိသည်။

**လက်လျှော့ရခြင်း**

ထိုအချိန်၌ မြန်မာပြည်တွင် ဆားအလွန်ရှား၍ ဂျပန်တို့ ဘယ်ဆီမှသွင်းသည် မသိသည့် ဆားအတုံးအခဲများကိုထောင်းထု၍ ဟင်းခတ်ကြရသဖြင့် ဆားဈေး အလွန်ကောင်း၏။ မန်ကျည်းတုံ့ရွာမှ ကျွန်ုပ်၏ဆွေမျိုးတချို့သည် သခွတ်တောရွာသို့ ခေတ္တပြောင်းရွှေ့ရာ ဆားချက်ခြင်းအလုပ်ကို လုပ်ကိုင်လျက်ရှိကြ၏။ ကျွန်ုပ်သည် သခွတ်တောရွာသူကြီး၏အိမ်သို့ အလည်အပတ်ရောက်သွားရာတွင် သူကြီးသည် ကျွန်ုပ်၏စိတ်ဝင်စားခြင်းကို မြင်သည်နှင့် "ကိုကြီးသိန်း လုပ်ချင်ရင် မြေကွက်ရအောင် ကျွန်တော် စီမံပေးပါမည်"ဟုပြော၏။ ကျွန်ုပ်ကား အတော်ဝမ်းသာသွားလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်က ချက်ချင်းစိန်ခေါ်ခဲ့ပြီး ဆားချက်ရန်အတွက် ဆွေမျိုးများနှင့် စီစဉ်ပါတော့သည်။ (ဤနေရာ၌ ကျွန်ုပ်ဖော်ပြလိုသည်မှာ ဖခင်သည် ကျွန်ုပ်တို့ ဇနီးမောင်နှံအား ကျွေးရသည့်အတွက် အနည်းငယ်မျှ ငြိုငြင်သည့်ပုံစံမပြသည့်အပြင် မစိုးချက်သောဟင်းကို လက်လွှတ်မည်စိုးသောကြောင့် အကျောက်အကန် ကန့်ကွက်ရှာပါပေသည်။) ဆွေမျိုးများကလည်း မလုပ်ချင်ပါနှင့် ကြည့်တော့သာ လွယ်သည်၊ တကယ်လုပ်တော့ တကယ်ပင်ပန်းသောအလုပ်ဖြစ်သည်။ ကူလီခလောက်သာ ရသောအလုပ်မျိုးဖြစ်၍ အလုပ်ကြမ်းအားလုံးကို လူငှားနှင့် လုပ်မည်ဆိုလျှင် ကိုယ့်အတွက် ဘာမှကျန်မည်မဟုတ်ပါဟု ဆိုကာ ဖျက်ကြ၏။ အမှန်မှာ သူတို့၏သဘောကိုလည်း ကျွန်ုပ် ရိပ်မိပါသည်။ ကျွန်ုပ်ကဲ့သို့သောလူတစ်ယောက်က ဤအလုပ်မျိုးလုပ်သည်ဆိုလျှင် တစ်ဆွေလုံးတစ်မျိုးလုံး ဂုဏ်ငယ်သည်ဟု ယူဆကြဟန်တူပါသည်။ ကျွန်ုပ်ကိုယ်တိုင်ကမူ မလွဲသာ၍ လုပ်စားရလျှင် မည်သည့်အလုပ်ကိုဖြစ်စေ ဂုဏ်ငယ်သည်ဟု မယူဆသူဖြစ်သည်။ သို့ရာတွင် အားလုံးက ဝိုင်း၍ ဖျက်ကြသောအချိန်၌ "သံဃာအား ဘုရားမဆန်သာ" ဟူသောစကားကဲ့သို့ ကျွန်ုပ်က မှန်သည်ထင်ပါလျက်နှင့်ပင် ဝမ်းနည်းစွာနှင့် လက်လျှော့လိုက်ရပါသည်။

**နောက်အကြံတစ်ခု**

ထို့နောက် ကျွန်ုပ်သည် အကြံတစ်ခုရပြန်၏။ ထိုခေတ်၌ ဝက်အူချောင်း တစ်ပိဿာကို ၈၀ ကျပ်ဈေးပေါက်၍ ဝက်သား တစ်ပိဿာလျှင် ၅ ကျပ် ၁၀ ပြားဈေး ဝယ်ရ၏။ ကျွန်ုပ်၏အကြိုက်မှာ မင်းတုန်းမင်း၏စားတော်ကဲဖြစ်ခဲ့၍ အစားအသောက်ကို စားကောင်းအောင်စီမံတတ်ခြင်းသည် ကျွန်ုပ်၏သွေးထဲတွင် ပါလာလေသလော မဆိုနိုင်။ ဝက်အူချောင်းကို ကျွန်ုပ်လုပ်ရလျှင် သူတစ်ပါး၏ ဝက်အူချောင်းထက်သာအောင် လုပ်တတ်လိမ့်မည်ဟုထင်၏။ သို့ဖြစ်၍ ဝက်အူချောင်းလုပ်ရောင်းဖို့အကြံ ဖြစ်ပေါ်လာသည်။ သို့ဆိုလျှင် လက်ကားသဘောမျိုး လုပ်မည်ကြံသောကြောင့် ငွေအရင်းအနှီးအတော်အတန်လိုလိမ့်မည်ဆိုကာ ကပိုင်ရွာ၌နေသော သူငယ်ချင်းဇနီးမောင်နှံ ဦးထင်နှင့် ဒေါ်စုတို့ထံမှ ချေးယူရန် အကြံဖြစ်ပေါ်လာလေ၏။ သူတို့မှာလည်း ကပိုင်ရွာတွင် အထည်ဆိုင်ဖွင့်၍ အရောင်းအဝယ်ကောင်းလျက်ရှိသည်ကို မြင်ခဲ့ရသောကြောင့် ကျွန်ုပ်လိုအပ်သော အရင်းအနှီးမျှလောက်ကို ထုတ်ချေးရန် ခဲယဉ်းမည်မဟုတ်ဟုဆိုကာ ကပိုင်ရွာသို့ ဒုတိယအခေါက်သွားရောက်ပြန်ပါသည်။

**မြင်းစီးရသောဇိမ်**

ဤတစ်ကြိမ်၌ ရှိမ်းမကားဘက်မှ သွားရန်မလိုဘဲ မန္တလေးဘက်မှလှည့်၍သွားသဖြင့် ချောချောမွေ့မွေ့ပင် ဆိုက်ရောက်ခဲ့၏။ ကပိုင်ရွာသို့ ကျွန်ုပ်ရောက်သွားသောအခါ ဒေါ်စု၏ညီမ မသက်ရှည်မှာ ကျန်းမမာဖြစ်နေခြင်းနှင့်တွေ့ရ၍ အချေးအငှားလာရခြင်းဖြစ်သော ကျွန်ုပ်မှာ ရုတ်တရက်ပြောဖို့ အခွင့်မသင့်ဟု ဆုံးဖြတ်ကာ ရက်အတန်ကြာ စောင့်နေရ၏။ တစ်ကြောင်းမှာလည်း ကျွန်ုပ်သည် မသက်ရှည်နှင့်အကျွမ်းတဝင်အတော်ခင်မင်ခဲ့ဖူးသည်ဖြစ်၍ သူမကျန်းမာခိုက်နှင့်ကြုံသည်တွင် ရုတ်တရက်ပြန်သွား၍ မလျော်ဟူ၍လည်း စဉ်းစားမိ၏။ ဒေါ်စု၏ညီမ မသက်ရှည်မှာ တခြားသူမဟုတ်။ မိဘများက ကျွန်ုပ်အား ပုဆိုးချွတ်၍ အရိုက်ခံရဖူးသည့် နေ့ဘ်မန်ကျောင်းသူလေးအား တေးထပ်တစ်ပုဒ်ပေးခဲ့ဖူးသူပင်ဖြစ်လေသည်။ ဤအကြောင်းကို သူ၏ အစ်မကြီး ဒေါ်စုတို့ပင်သိပုံမရ၊ သူနှင့်ကျွန်ုပ်သာသိကြပေရာ ကျွန်ုပ်သည် လူနာမေး၍ နှစ်ယောက်တည်းရှိနေခိုက်တွင် ဤအကြောင်းကို သတိရကြသည်နှင့် ပြုံးခဲ့ကြရပါသေးသည်။ မသက်ရှည်သည် ဤတောင်မှတက်မည့်ပုံမပေါ်။ သို့သော်ရုတ်တရက်လည်း သေဦးမည့်လက္ခဏာမရှိသည်နှင့် ဦးထင်တို့၏ကိစ္စတစ်ခုအတွက် ဦးထင်နှင့် ကျွန်ုပ်သည် မြွေရွာသို့ မြင်းများနှင့် သွားကြရပါသေးသည်။ ဦးထင်တို့၌ ခုနှစ်မြင်းနှစ်ကောင် ဝယ်ထားရာ ကျွန်ုပ်မှာ မြင်းဝါသနာအိုးတစ်ယောက်ဖြစ်၍ မြင်းနှင့်သွားရမည်ဆိုလျှင် ဘယ်လောက်ကြာ၍ တာဝတိံသာတက်ရမည်ဖြစ်စေ လိုက်ချင်သူ တစ်ယောက်ဖြစ်၏။

နံနက်စာစားပြီးချိန်တွင် ကျွန်ုပ်တို့သည် မြင်းကိုယ်စီနှင့် ကပိုင်ရွာမှ ထွက်လာကြ၍ ရွှေတချောင်းမြောင်းပေါင်တစ်လျှောက် စကားတပြောပြောနှင့် စီးလာကြခြင်းမှာ (မြင်းဝါသနာပါ၍ အတန်ကြာအောင်မြင်းမစီးခဲ့ရသော ကျွန်ုပ်အဖို့ရာ၌) အတော်ကြီးသော ဇိမ်တစ်ခုဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ဇီးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းဘေးဝဲယာ၌ သီးပင်စားပင်များစိုက်ပျိုး

ဇီးကုန်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စပါယ်မျှောင်ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းဘေးဝဲယာတွင် သီးပင်စားပင်များစိုက်ပျိုးခြင်းကို ဇူလိုင်လ ၂၁ ရက်တွင် ဆောင်ရွက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပန်းစပယ်က မိုးရာသီကာလသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို ရရှိနိုင်စေရန်၊ သီးပင်စားပင်များကို အလွယ်တကူစားသုံးနိုင်ရန် ကျေးလက်ကုန်ထုတ်လမ်းဘေးဝဲယာ၌ စိုက်ပျိုးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပန်းစပယ် ဦးဆောင်သော ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း၍ သရက်၊ ပိန္နဲ၊ ကြောင်လျှာ၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ဒန့်သလွန်၊ မဲဇလီ၊ ဆီးပင် စသည့် သီးပင်စားပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

○ **ရှေ့ဖုံးမှအဆက်**

တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Center For United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် (CUNPK)မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur (၈)ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါသင်တန်းသည် (၈) ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အရာရှိ၁၃၀ ဦး၊ စစ်သည်၈၄ ဦး တက်ရောက်ခဲ့ကြကာ ယခုသင်တန်းတွင် အရာရှိ ၃၀ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်းသိရှိရသည်။ သင်တန်းတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအားကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအားကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း Blue-Helmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ်လ ၁ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများအပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး (RedCarpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့်ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွားဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၀၉-၇၉၈၃၇၄၇၀၉၊ ၀၁၇-၅၃၆၀၃၀

ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၀၉-၇၆၅၂၆၂၆၇၉

---

## ကောက်စိုက်စက်နှင့်တွဲဖက်၍ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ပွင့်ဖြူ ဇူလိုင် ၂၁


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စုရှိ တောင်သူဦးမြင့်လွင်၏ လယ်မြေ၌ ယနေ့တွင် ကောက်စိုက်စက်နှင့် တွဲဖက်၍ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပရာ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ ကောက်စိုက်စက်နှင့်တွဲဖက်၍ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် ပွင့်ဖြူမြို့နယ် အမှတ်(၄၆) စက်မှုလယ်ယာစခန်းမှ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွေးနှင့် ဝန်ထမ်းများက လယ်ကိုင်းကျေးရွာအုပ်စုရှိ တောင်သူဦးမြင့်လွင်၏ ကွင်းအမှတ်(၉၇၇) လယ်မြေ ၃ ဧက၌ ကောက်စိုက်စက်နှင့်တွဲဖက်၍ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို တောင်သူအသိပညာပေး စိုက်ပျိုးသရုပ်ပြရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။

ထိုသို့ ကောက်စိုက်စက်နှင့်တွဲဖက်၍ မျိုးစေ့ချကိရိယာအသုံးပြုစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲများကို ကျော်လွှားနိုင်ခြင်း၊ နည်းပညာမြင့်စက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ခြင်း၊ တစ်ကေထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း၍ သီးနှံဝင်ငွေအကျိုးအမြတ်ပိုမိုရရှိခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာနိုင်ပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာ ကူးပြောင်းလုပ်ကိုင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ဒေသခံတောင်သူများ သိရှိနားလည်ကာ တွင်ကျယ်စွာအသုံးပြုလာနိုင်စေရန်ရည်ရွယ်၍ ကွင်းသရုပ်ပြစိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ရွှေဘို | ၃၆°C |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅.၈°C |
| ဟုမ္မလင်း | ၃၅.၈°C |
| မုံရွာ | ၃၅.၈°C |
| စစ်ကိုင်း | ၃၅.၈°C |
| ဆင်ဖြူကျွန်း | ၃၅.၇°C |
| ကျောက်ဆည် | ၃၅.၅°C |
| ခန္တီး | ၃၅.၅°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဘီးလင်း | (၄.၀၉)လက်မ |
| ကျိုက္ကမီ | (၃.၅၉)လက်မ |
| ချောင်းဆုံ | (၃.၁၄)လက်မ |
| မြစ်ကြီးနား | (၂.၇၂)လက်မ |
| ကျုံပျော် | (၂.၆၄)လက်မ |
| ထားဝယ် | (၂.၅၅)လက်မ |
| မြိတ် | (၂.၂၀)လက်မ |
| မော်လမြိုင် | (၂.၂၀)လက်မ |
| သထုံ | (၂.၀၅)လက်မ |
| ပဲခူး | (၁.၇၃)လက်မ |
| လားရှိုး | (၁.၇၃)လက်မ |
| မုဒုံ | (၁.၆၅)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၉.၂°C |
| မြင်းမူ | ၃၇.၇°C |
| မြင်းခြံ | ၃၇.၅°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၅ |
| ရှမ်း(မြောက်) | ၂၁ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၁၉ | ၂၉ |
| ချင်း | ၁၅ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၄ |
| နေပြည်တော် | ၂၄ | ၃၂ |
| မန္တလေး | ၂၇ | ၃၄ |
| မကွေး | ၂၃ | ၃၆ |
| ရခိုင် | ၂၂ | ၃၁ |
| ပဲခူး | ၂၃ | ၂၈ |
| ရန်ကုန် | ၂၅ | ၂၈ |
| ဧရာဝတီ | ၂၄ | ၃၁ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၂ | ၃၂ |
| မွန် | ၂၃ | ၂၈ |
| တနင်္သာရီ | ၂၄ | ၃၁ |

---

## မအူပင်မြို့နယ်၌ ဒေသထွက်ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ဒေသထွက်ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ ပြောကြားချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ဇူလိုင်လဒုတိယပတ်မှ လက်ရှိအချိန်ထိ ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန် စသည့်မြို့များမှ မှာယူမှုများကြောင်းသိရသည်။

"ဒီလဒုတိယပတ်လောက်ကတည်းက ငါးမြွေထိုးခြောက်တွေ အရောင်းသွက်ခဲ့တာပါ။ လက်ရှိမှာ ပုံမှန်ထက်ကိုအရောင်းသွက်နေပါတယ်။ အရောင်းသွက်တာက ရန်ကုန်ဈေးကွက်က ငါးခြောက်တွေ ဝယ်လိုအားကောင်းနေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ အမှာများလာတာကြောင့်ငါးမြွေထိုးခြောက်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေလည်း အဆင်ပြေလာပါတယ်" ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

မအူပင်မြို့နယ်၌ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်း၍ ရောင်းချလျက်ရှိကြောင်းသိရသည်။

သုတကျော်



## နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော်   ဇူလိုင်   ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါ ဟူစိန်အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုခိုင်မာစေမည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

## ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးဇော်ဇော်စိုး ၎င်း၏ခန့်အပ်လွှာပေးအပ်



နေပြည်တော်   ဇူလိုင်   ၂၁

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇော်ဇော်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ယမန်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာ ဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာ ကလောင့်ကျောင့်ယူဟူဝါထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

မြဝတီ

## ဇေယျာသီရိမြို့နယ် မပိုက်ကယ်ရိုးရေနုတ်မြောင်းတူးဖော်မှုနှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်းအဆင့်မြှင့်တင်မှုများ ကွင်းဆင်းစစ်ဆေး




နေပြည်တော်   ဇူလိုင်   ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်- မန္တလေး လမ်းဟောင်း မိုင်တိုင်-၂၂၅/၀ မှ ၂၂၅/၄ ကြားလမ်းနယ်အတွင်း ဝင်ရောက်နေသော သစ်တပ်ကျေးရွာအနီးရှိ မပိုက်ကယ်ရိုး ရေနုတ်မြောင်းအား လမ်း၏အရှေ့ဘက်ခြမ်းတွင် စနစ်တကျအသစ်တူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများကို ဒေသရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ကာလပြီးစီးရန် မြေတူးဖော်ဆောင်ရွက်ရာတွင် လမ်းနယ်အတိုင်းအတာများပေးထားပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ပထမဆုံးရေဝပ်ဧရိယာများ၊ ချုံ ဗေဒါပင်များကြောင့် ရေစီးဆင်းမှုနည်းနေသည့် နေရာများကို ရေစီးရေလာကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရေဆင်းဧရိယာ ၁ ဒသမ ၆၇ စတုရန်းမိုင်ရှိ မပိုက်ကယ်ရိုးရေနုတ်မြောင်းသည် ကျောက်အိုးချောင်း၊ ဆတ်သွားချောင်းတို့မှ ရေပိုရေလျှံများ၊ စိုက်ခင်းများမှ စွန့်ထုတ်ရေများ စီးဆင်းသောရိုးတစ်ခုဖြစ်ပြီး ကျွန်းရောင်း-အိုင်စောက်-ပေါင်းလောင်းရေနုတ်မြောင်းမှတစ်ဆင့် ပေါင်းလောင်းမြစ်အတွင်းသို့ ပုံမှန်စီးဝင်လျက်ရှိသော်လည်း ထူးကဲမိုးရွာသွန်းသည့်ကာလများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ရန်ကုန်- မန္တလေး လမ်းဟောင်း၏ အရှေ့ဘက်ခြမ်းတွင်ပါ ရေထုတ်မြောင်းတူးဖော်ဖောက်လုပ်နေခြင်းဖြစ်ကာ မြေသားရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း အလျားပေ ၃၈၉၀၊ မြေကြီးလုပ်ငန်း ၃၄၅၂ ကျင်းကို မိုးရာသီအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်း အဆင့်မြှင့်တင်ရေးဆောင်ရွက်မည့် ပွဲကြည့်စင်တည်ဆောက်ရေးနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီ အစဉ်မှ **“နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်”** ခေါင်းစဉ်ဖြင့် ၂၃-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်   ဇူလိုင်   ၂၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဓာတ်ရောင်ခြည်နည်းပညာသုံးပစ္စည်းများ စနစ်တကျသုံးစွဲနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင်အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်စေရန်၊ အဏုမြူစွမ်းအင်အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လူနှင့်ပတ်ဝန်းကျင်တွင် အဏုမြူဖြာထွက်ရောင်ခြည်သက်ရောက်မှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ရည်ရွယ်၍ အဏုမြူစွမ်းအင်ဥပဒေကို ၁၉၉၈ ခုနှစ်၊ ဇွန်လ(၈) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင်အသုံးချမှုများ တိုးပွားလာရာ အထူးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး စသည့်နယ်ပယ်များတွင် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ နိုင်ငံအတွင်းရှိ အဏုမြူစွမ်းအင်အသုံးပြုမှုကို အဓိကအသုံးချနေသည့် လုပ်ငန်းနှင့်လုပ်ဆောင်မှုများသည် အဏုမြူစွမ်းအင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရသော်လည်း အချို့မှာ အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း သတင်းပေးမှုများအရလည်း သိရှိရပါသည်။ ထိုသို့လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်မကင်းမှုများ ဖြစ်ရပါသည်။

၃။ အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်းနှင့်ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်းဆိုင်ရာ အသိပေးနှိုးဆော်ချက်အား နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများမှနေ၍ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့နှင့် (၁၈)ရက်နေ့တို့တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင်လည်းကောင်း အသိပေးနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၄။ ဆေးရုံ/ဆေးခန်းများနှင့် ကုမ္ပဏီများတွင်အသုံးပြုသည့် Dental၊ Bone Densitometer ၊ Mammography၊ C-arm၊ X-ray machines၊ CT scanner၊ Angiography ၊ Linear Accelerator၊ PET-CT၊ SPECT-CT၊ Cyclotron ကဲ့သို့သော ရောင်ခြည်ထုတ်ကိရိယာများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများကိုအသုံးချရာတွင် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ တည်ဆဲအဏုမြူစွမ်းအင်ဥပဒေ၏ အခန်း(၁၂)၊ ပုဒ်မ၊ (၂၉)၊ ပုဒ်မ (၃၀)၊ ပုဒ်မ (၃၁) နှင့် ပုဒ်မ(၃၂) တို့တွင် "မည်သူမျှ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းရန်နှင့် ပြည်ပသို့တင်ပို့ရန် ကြိုတင်ခွင့်ပြုချက်၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် လိုင်စင်မရှိဘဲတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဌာနမှ ဆက်လက်သုံးစွဲရန်မသင့်ဟု သတ်မှတ်ထားသည်ကို ဆက်လက်၍ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ"ဟု တားမြစ်ပြဋ္ဌာန်းထားပါသည်။


၆။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက မည်သူမဆို ပုဒ်မ (၃၀,၃၁,၃၂,၃၃,၃၄) များအရ ထောင်ဒဏ် ၃ နှစ်မှ ၇ နှစ်အထိ ထောင်ဒဏ်ကိုဖြစ်စေ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟူ၍ ပြစ်ဒဏ်များကို အတိအလင်းဖော်ပြပြဋ္ဌာန်းထားပါသည်။

၇။ သို့ဖြစ်ပါ၍ အဏုမြူစွမ်းအင်ကိုအသုံးချနေသည့် လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်နေသူများအနေဖြင့် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြပါရန်နှင့်နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းပြီး မှတ်ပုံတင်နှင့်လုပ်ငန်းလိုင်စင်မရှိသေးဘဲ လက်ဝယ်ထားရှိအသုံးပြုနေသူများနှင့် သက်တမ်းကုန်လိုင်စင်များ ကိုင်ဆောင်လုပ်ကိုင်နေကြသူများအနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်နှင့်နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဌာန၊ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဓာတ်ရောင်ခြည်နှင့်နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဌာနသို့ လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ ဖုန်း (၀၁-၅၄၆၂၆၁၊၀၁-၅၄၅၀၆၈၊ ၀၆၇-၄၀၄၄၆၀) သို့လည်းကောင်း၊ e-mail (rpdaenatmauk@gmail.com) သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အဏုမြူစွမ်းအင်ဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နေပြည်တော်

# လျှော်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ Container House များသို့ ယာယီပြောင်းရွှေ့နေထိုင်နေမှုများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအနီး ထိန်းသိမ်းဧရိယာ၌ လျှော်ဘေးသင့်ဝန်ထမ်းအိမ်ထောင်စု ၈၈ စု ယာယီနေထိုင်ရန်အတွက် တပ်ဆင်တည်ဆောက်ပြီးစီးပြီဖြစ်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House ၈၈ လုံးသို့ ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Container House များသို့ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် Container House များအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်သွားရန်၊ ရေ၊ မီး၊ မိလ္လာစနစ်များကို စနစ်တကျသုံးစွဲကြရန်နှင့် ယာယီနေထိုင်စဉ် ဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တို့ကိုမှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် ဥက္ကဋ္ဌသည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများအား အမျိုးအစားလေးမျိုးခွဲ၍ စနစ်တကျစွန့်ပစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ထားရှိမှု၊ Container House ပတ်လမ်းများ ဖောက်လုပ်ထားရှိမှုနှင့် ဘေးအန္တရာယ်ကင်းစွာနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာကိစ္စရပ် ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွှန့်ထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur အား နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၂၈˚c |
| မန္တလေး | ၂၇˚c | / | ၃၄˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

## ၂၁-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဦးရေပြားပြဿနာများ

ဒေါက်တာလွင်သန့်

လူအတော်များများက ဦးရေပြားမှာ ဗောက်ထတတ်ပါတယ်။ ဦးရေပြားကနေ အဆီနဲ့ချွေးတွေအမြဲထွက်လေ့ရှိပါတယ်။ ဒါကြောင့် ဦးရေပြားသန့်ရှင်းရေးအတွက် ခေါင်းမကြာခဏမလျှော်ဖြစ်တဲ့အခါ ဦးရေပြားမှာ အဆီနဲ့ချွေးတွေစုပုံပြီး ယားယံလာပါတယ်။ ဦးရေပြားမှာရှိတဲ့ အရေပြားအကြေးခွံလေးတွေစုပုံလာတာကြောင့် ဗောက်တွေဖြစ်လာပါတယ်။ ဒ့ါပြင် ဦးရေပြားနဲ့ပတ်သက်တဲ့ပြဿနာတွေလည်း ဖြစ်တတ်ပါတယ်။

ဦးရေပြားဗောက်ထတာကို ဘယ်လိုကာကွယ်နိုင်လဲဆိုတော့ တစ်ကိုယ်ရေသန့်ရှင်းရေးကိုဂရုစိုက်ပြီး အနည်းဆုံး တစ်ပတ်တစ်ကြိမ်ခေါင်းပုံမှန်လျှော်သင့်ပါတယ်။

ဦးရေပြားခြောက်သွေ့တဲ့သူတွေ ဗောက်ထတတ်ပါတယ်။ ဦးရေပြားမှာဖုံးအုပ်ထားတဲ့အဆီကို အရေပြားအဆီကျိတ်လေးတွေကထုတ်ပေးပြီး ဦးရေပြားကိုချောမွတ်စေဖို့နဲ့ ရောဂါပိုးတွေ အလွယ်တကူမဝင်စေဖို့ကာကွယ်ပေးပါတယ်။ ဒါကြောင့် ဦးရေပြားခြောက်သွေ့သူတွေက အရေပြားခံနိုင်ရည်နည်းပြီး တုံ့ပြန်လွယ်တဲ့အရေပြားဖြစ်နေတတ်ပါတယ်။

နေ့တိုင်းခေါင်းလျှော်တာ၊ မကြာခဏခေါင်းလျှော်တာ၊ ခေါင်းလျှော်ရည်ပြင်းပြင်းတွေအမြဲသုံးတာ၊ Dryer ကို ဦးရေပြားနဲ့နီးကပ်စွာလေမှုတ်တာတွေရှောင်သင့်ပါတယ်။ ပတ်ဝန်းကျင်လေထုခြောက်သွေ့နေချိန်ဆိုရင် ဦးရေပြားခြောက်သွေ့တတ်တာကို သတိထားသင့်ပါတယ်။

စိတ်ဖိစီးမှုများတဲ့သူတွေမှာ ဦးရေပြားပြဿနာရှိနိုင်ပါတယ်။ စိတ်ဖိစီးမှုကြောင့် ဦးရေပြားသာမက မျက်နှာ၊ လည်ပင်း၊ အရေပြားတို့လည်း ခြောက်သွေ့တတ်ပါတယ်။ ဒ့ါပြင် စိတ်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်အပူချိန်တက်တာ၊ ဦးရေပြားယားယံတာတွေဖြစ်တတ်ပါတယ်။

စိတ်ဖိစီးမှုများနေချိန်မှာ ခေါင်းမှန်မှန်လျှော်သင့်ပါတယ်။ ဦးရေပြားယားယံတဲ့အခါ အေးမြတဲ့ပတ်ဝန်းကျင်နဲ့ စိတ်ကိုငြိမ်းချမ်းစွာထားတတ်ဖို့ သတိထားသင့်ပါတယ်။ ယားယံတာသက်သာစေမယ့် ဆေးဝါးတွေ၊ လိမ်းဆေးတွေလိမ်းနိုင်ပါတယ်။

မှိုပိုးကြောင့် အရေပြားယားယံတာလည်းရှိပါတယ်။ အရေပြားအပေါ်ယံထိခိုက်စေတဲ့မှိုပိုးတွေက ဦးရေပြားမှာ ဒက်ဖြစ်စေပါတယ်။ ဒက်ဖြစ်ရင် ဦးရေပြားနီမြန်းတာ၊ ရောင်ရမ်းတာနဲ့ အကြေးခွံလေးတွေ၊ အနီကွက်လေးတွေဖြစ်ပြီး ယားယံစေပါတယ်။ ဒက်က ထိတွေ့မှုကြောင့်ကူးစက်တဲ့အပြင် အသုံးအဆောင်ပစ္စည်းတွေ အတူသုံးတာကြောင့်လည်း ကူးစက်တတ်ပါတယ်။

ဒါကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ရမယ့်အပြင် ခေါင်းဘီး၊ အဝတ်အစား၊ ခေါင်းရိတ်ဓားနဲ့ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းတွေကို သီးသန့်အသုံးပြုသင့်ပါတယ်။ အထူးသဖြင့် လူစုလူဝေးနဲ့နေရတဲ့အဆောင်၊ ကျောင်းတွေမှာ ဒက်ကူးစက်လွယ်တာကြောင့် သတိထားသင့်ပါတယ်။

မှိုရဲ့အဆီဖတ်တွေကြောင့်လည်း အရေပြားရောင်ရမ်းမှုဖြစ်စေပါတယ်။ ဦးရေပြားသာမက နားနောက်၊ နှာခေါင်းကြား၊ မျက်ခုံးစပ်၊ ရင်ဘတ်၊ ကျော၊ ချိုင်း၊ လက်သည်းခွံတွေမှာ ယားယံပြီး အနီပြင်၊ အကြေးဖတ်တွေအဖြစ်တွေ့ရတတ်ပါတယ်။ လူတိုင်းက အရေပြားမှာရှိတဲ့ မယ်လယ်စီးယားဖာဖာ(Malassezia FurFur)ဆိုတဲ့ မှိုတစ်မျိုးကတချို့ကိုယ်ခံစွမ်းအားစနစ်ရှိသူတွေမှာ အဆီကျိတ်လေးတွေကနေအဆီထွက်များတာ၊ တုံ့ပြန်လွယ်တာ၊ အရေပြားရောင်ရမ်းတာနဲ့ အကြေးခွံလေးတွေဖြစ်စေပါတယ်။ အရွယ်ရောက်ချိန်မှာ ဟော်မုန်းအပြောင်းအလဲဖြစ်တာကြောင့် ပိုဆိုးတတ်ပါတယ်။ ဆောင်းရာသီမှာ ပိုဆိုးတတ်ပါတယ်။

ဒါကိုကာကွယ်လို့ရပါတယ်။ အရေပြားရောင်ရမ်းမှုကိုဖြစ်စေတဲ့ အကြောင်းရင်းဖြစ်တဲ့ မှိုပိုးကိုကုသရပါမယ်။ မှိုပိုးအတွက် ဆေးတွေ၊ ခေါင်းလျှော်ရည်တွေသုံးနိုင်ပါတယ်။ ပူလွန်းတဲ့ရေနဲ့ခေါင်းလျှော်တာရှောင်ရပါမယ်။ ခေါင်းလျှော်တဲ့အခါ ဦးခေါင်းမှာ ခေါင်းလျှော်ရည်တွေမကျန်အောင် ရေနဲ့သေချာဆေးချရပါမယ်။ ဇင့်ပါတဲ့ခေါင်းလျှော်ရည်၊ ဆီလီနီယမ်ပါတဲ့ခေါင်းလျှော်ရည်၊ မှိုပိုးကိုပျောက်စေတဲ့ဆေးတွေပါတဲ့ ခေါင်းလျှော်ရည်တွေသုံးနိုင်ပါတယ်။ လက်ဖက်စိမ်းခေါင်းလျှော်ရည်ကလည်း ဗောက်သက်သာစေပါတယ်။

ဦးရေပြားမှာ နေလောင်တာဖြစ်တတ်ပါတယ်။ နေလောင်တာကို အရေပြားသာမက ဦးရေပြားမှာလည်းခံစားရပါတယ်။ ဦးရေပြားနေလောင်တဲ့အခါ ဦးရေပြားနီရဲနေပြီး နာကျင်၊ ယားယံနေတတ်ပါတယ်။ အကြေးခွံအဖတ်လေးတွေလည်း လန်လာတတ်ပါတယ်။

ဦးရေပြားကို နေရောင်ခြည်ကနေကာကွယ်ဖို့ နေပူထဲထွက်ရင် ဦးထုပ်၊ ထီး ဆောင်းရပါမယ်။ ဦးရေပြားကိုထိခိုက်စေမယ့် သံပရာသီးနဲ့အရေပြားတုံ့ပြန်လွယ်စေမယ့် ဆံပင်သုံးပစ္စည်းတွေကိုရှောင်ရပါမယ်။

**"စိတ်ဖိစီးမှုများတဲ့သူတွေမှာ ဦးရေပြားပြဿနာရှိနိုင်ပါတယ်။ စိတ်ဖိစီးမှုကြောင့် ဦးရေပြားသာမက မျက်နှာ၊ လည်ပင်း၊ အရေပြားတို့လည်း ခြောက်သွေ့တတ်ပါတယ်။ ဒ့ါပြင် စိတ်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်အပူချိန်တက်တာ၊ ဦးရေပြားယားယံတာတွေဖြစ်တတ်ပါတယ်။**

**စိတ်ဖိစီးမှုများနေချိန်မှာ ခေါင်းမှန်မှန်လျှော်သင့်ပါတယ်။ ဦးရေပြားယားယံတဲ့အခါ အေးမြတဲ့ပတ်ဝန်းကျင်နဲ့ စိတ်ကိုငြိမ်းချမ်းစွာထားတတ်ဖို့ သတိထားသင့်ပါတယ်။ ယားယံတာသက်သာစေမယ့် ဆေးဝါးတွေ၊ လိမ်းဆေးတွေလိမ်းနိုင်ပါတယ် . . ."**

ဦးရေပြားမှာ သန်းကြောင့် အရေပြားရောင်ရမ်းတာဖြစ်ရင် ယားယံတာနဲ့ ဗောက်များတာတွေဖြစ်တတ်ပါတယ်။ သန်းကြောင့် ဦးရေပြားသာမက လည်ပင်းနဲ့ ပခုံးမှာပါ အရေပြားရောင်ရမ်းတတ်ပါတယ်။

သန်းကိုကာကွယ်လို့ရပါတယ်။ သန်းပျောက်စေမယ့် ခေါင်းလျှော်ရည်၊ ဆေးရည်တွေလိမ်းနိုင်ပါတယ်။ ခေါင်းမှန်မှန်လျှော်သင့်ပါတယ်။ သန်းက တစ်ယောက်နဲ့တစ်ယောက် ဦးခေါင်းချင်းထိရုံနဲ့ကူးစက်နိုင်ပြီး ဦးထုပ်၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ ခေါင်းဘီးအတူသုံးတာတွေကြောင့်လည်း ကူးစက်နိုင်ပါတယ်။

ဦးရေပြားမှာ မျက်နှာလိုပဲ ဝက်ခြံပေါက်တတ်ပါတယ်။ အထူးသဖြင့် ဆံစပ်နေရာမျိုးမှာ ဝက်ခြံအနီဖုလေးတွေတွေ့ရတတ်ပါတယ်။ တစ်ခါတစ်ရံ ရာသီဥတုပူပြင်းချိန်၊ ခေါင်းမှန်မှန်မလျှော်နိုင်ချိန်မှာ ဆယ်ကျော်သက်တွေမှာ ပိုတွေ့ရတတ်ပါတယ်။

အဆီကျိတ်လေးတွေကနေ အဆီထွက်တာများတဲ့ဆယ်ကျော်သက်အရွယ်မှာ ဝက်ခြံပိုပေါက်တတ်တာကို သတိထားသင့်ပါတယ်။ ဘယ်လိုကာကွယ်နိုင်လဲဆိုရင် ဦးရေပြားကို အလှဆီလိမ်းတာ၊ Gel၊ Wax လိမ်းတာတွေရှောင်သင့်ပါတယ်။ တတ်နိုင်သမျှ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဦးရေပြားသန့်ရှင်းရေးပြုလုပ်သင့်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

## အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ကြီးဖလား ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့်အားကစားပြိုင်ပွဲများကျင်းပ

ရေနံချောင်း ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ကြီးဖလား ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၀ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက အားကစားပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စပေးဘောလုံးကန်ပြီး ကျောင်းအုပ်ကြီးဖလား ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ EP အသင်းနှင့် Civil အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်းလေးသင်းက ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင်လ၂၇ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းအားကစားပြိုင်ပွဲများ၌ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဇူလိုင်လ ၂၁ ရက်တွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း (မင်းကျောင်း) တို့၌ ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းဝင်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက မိုးရာသီကာလအတွင်းအဖြစ်များသော ရာသီတုပ်ကွေးအကြောင်း ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများနှင့်ပတ်သက်၍ သတိပြုလိုက်နာဖွယ်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များအကြောင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာသိကောင်းစရာအကြောင်းများကို အသိပညာပေးဟောပြောပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက အဖွဲ့များခွဲကာ ကျောင်းသား၊ ကျောင်းသူများကို သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအခြေအနေစစ်ဆေးခြင်း၊ တစ်ဦးချင်းကျန်းမာရေးအခြေအနေစစ်ဆေးခြင်းများဆောင်ရွက်၍ လိုအပ်သည့်ဆေးဝါးများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



လွိုင်ကော် ဇူလိုင် ၂၁

ကယားပြည်နယ် လွိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်မြေနေရာ၌ ကယားပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဖော်မျိုးတင်က ပျိုးပင်များပေးအပ်ရာ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပညာရေးဒီဂရီကောလိပ်မှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအမှတ်တရအဖြစ် ပျိုးပင်များကို စိုက်ပျိုးကြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများအလိုက် ကျွန်း၊ ခါတော်မီ၊ စိန်ပန်းနီ ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ဝါး၊ ခရေ၊ ဆီသပြေ၊ ကံ့ကော်၊ စကားဝါ စသည့်အမျိုးအစား ၁၀ မျိုး ပျိုးပင် စုစုပေါင်းအပင် ၂၀၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၅)

# စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံဘာသာစကားသင်တန်း(MMKM Chinese Language Center)တို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးခြင်းကို ဇူလိုင်လ ၂၀ ရက်တွင် ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး အခြေခံဘာသာစကားသင်တန်း(MMKM Chinese Language Center)မှ တည်ထောင်သူဆရာ ဦးအောင်ပြည့်ဖြိုးနှင့်မောင်ခန့်စည်သူ၊ မမေဖူးစံ၊ မပန်းအိဖြူတို့က ယနေ့ခေတ်ကို ဘာကြောင့်ပညာခေတ်လို့ခေါ်ဆိုတာလဲ၊ ပညာခေတ်မှာ ပညာကို ဘယ်လိုအလေးထားသင်ယူသင့်သလဲ၊ ပညာသင်ယူရန်အခွင့်အလမ်းတွေကို ဘယ်လိုရှာရမလဲ၊ ပညာသင်ယူခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်သလဲခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များမေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်သော ဦးစီးအရာရှိက ပြန်လည်ဖြေကြားပေးပြီး တာဝန်ရှိသူများက ပါဝင်ဆွေးနွေးသည့်သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် လူငယ်စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသ စာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များအား သင်တန်းသား၊ သင်တန်းသူများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ (၄၁၃)

# တိုင်ထောင်ပဲသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ



ကလိန်အောင် ဇူလိုင် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ စိုက်ပျိုးထားသည့် တိုင်ထောင်ပဲသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း တိုင်ထောင်ပဲစိုက်ပျိုးရောင်းချသူ ကိုကျော်စိုးအောင်ထံမှသိရသည်။

ကလိန်အောင်မြို့၌ တိုင်ထောင်ပဲသီးအပြင် အခြားသီးနှံများဖြစ်သော ငရုတ်၊ ချဉ်ပေါင်၊ ခရမ်းသီးတို့ကိုပါ စိုက်ပျိုးထားသည်။ ကလိန်အောင်မြို့၌ တိုင်ထောင်ပဲကို တစ်နှစ်ပတ်လုံးစိုက်ပျိုး၍ အချို့က မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး အချို့က စီးပွားဖြစ်စိုက်ပျိုးရောင်းချသူများလည်းရှိကြောင်း သိရသည်။

(၄၁၂)

# ပခုက္ကူတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း အခြေခံအဆင့် သင်တန်းဖွင့်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၂၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံအဆင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပခုက္ကူတက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးမည့်ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပခုက္ကူတက္ကသိုလ် ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၈၂ ဦး တက်ရောက်မည်ဖြစ်ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ သင်တန်းနည်းပြ ခုနစ်ဦးက ရှေးဦးပြုစုခြင်းဆိုင်ရာအခြေခံဘာသာရပ်များကို သုံးရက်ကြာစာတွေ့လက်တွေ့ဖြင့် စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# စာကြည့်တိုက်သို့ သွားကြစို့

❖ အရာရာမှာ အခရာကျတဲ့
ပညာအလှ ပန်ဆင်မယ်။

❖ ပညာသည်သာ အဓိကမို့
အမိအရ ယူစို့ကွယ်။

❖ ပညာခေတ်မှာ ပညာပြည့်ဖို့
ပညာဖြည့်စို့ တို့လူငယ်။

❖ အဲဒီပညာ ဘယ်မှာလဲကွဲ့
စာပေထဲမှာ ရှိပါတယ်။

❖ စာပေထဲမှာ ဖတ်ရှုမဝတဲ့
သုတရသ စုံလှတယ်။

❖ သုတစုံလင် ရသများက
ပညာခွန်အား ပြည့်ဖြိုးကြွယ်။

❖ စာပေထဲမှာ ပညာများက
ရတနာအလား မြတ်နိုးဖွယ်။

❖ စာအုပ်စာပေ ရတနာသိုက်က
စာကြည့်တိုက်ထဲ ရှိနေတယ်။

❖ စာကြည့်တိုက်ကို အမြဲသွားလို့
စာအုပ်များကို ဖတ်ကြမယ်။

❖ နည်းနာယူကာ ရှာဖွေမှတ်လို့
စာပေဖတ်တော့ အမြင်ကျယ်။

❖ ပညာဖွေရှာ ခွင့်သာခိုက်မို့
ကျောင်းစာကြည့်တိုက် သွားစို့ကွယ်။
သွား...မယ်။ သွား...မယ်။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၇-၂၀၂၅(အင်္ဂါနေ့)


| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

## MWD Education, Knowledge & Sports Channel

၂၂-၇-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၁၃ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၀၆ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၀၆ - ၁၈:၁၇ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၈:၁၇ - ၁၉:၅၄ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအသင်း ဒိုင်းဆုရရှိ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့်တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၂၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ပြုလုပ်သည့် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) ကိုယ်စားပြုအသင်းနှင့် အင်ဂျင်နီယာတပ်ဖွဲ့ကိုယ်စားပြုအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအသင်းတို့အား ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင်လ ၇ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် တိုက်ကြီးတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၃ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့်ချီးမြှင့်ငွေများပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ် ၇ မြို့နယ်နှင့် ကယားပြည်နယ်၊ မြို့နယ် ၃ မြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမယ်(၃)မျိုးနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာတိုင်းမှူးဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားအသင်းများ၏ ပထမနေ့ပွဲစဉ်ဖြစ်သည့်မြိတ်တပ်နယ်အသင်းနှင့်တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းတို့၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# AFF U – 23 Championship ဘောလုံးပြိုင်ပွဲ မြန်မာယူ -၂၃ အသင်းနှင့် ထိုင်းယူ - ၂၃ အသင်းတို့ အုပ်စုဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၅ ခုနှစ် အာဆီယံအသက် ၂၃ နှစ်အောက် AFF U – 23 Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာယူ – ၂၃ အသင်းနှင့် ထိုင်းယူ – ၂၃ ဘောလုံးအသင်းတို့သည် ဇူလိုင်လ ၂၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှစတင်၍ MRTV Parliament Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ပန်းတိုင်အထွက်နှုန်းပြည့်မီရေးမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝတိုးတက်ရေးဆီသို့



ဘုန်းမောင်ဝင်း(ဖျာပုံ)

လက်ရှိကာလတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူထားရသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂ္ဂဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ အဂ္ဂဗျူဟာမှာ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်တို့ဖြစ်သည်။ မဟာဗျူဟာမှာ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ဖြစ်ပြီး နည်းဗျူဟာမှာ ဦးတည်ချက်(၉)ရပ်ဖြစ်သည်။ ဗျူဟာ ၃ ခုစလုံးတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များပါရှိသည်။ နိုင်ငံတိုင်းအတွက်၊ လူသားတိုင်းအတွက် အလွန်အရေးပါသောအရာများတွင် စီးပွားရေးပါဝင်သည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်းအနေဖြင့် လူရှိသေရှင်ရှိသေနေထိုင်နိုင်ပြီး နိုင်ငံသည်လည်း ဝပြောသာယာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါကြွယ်လာမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတိုင်း၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး အလုပ်လက်မဲ့နှုန်းကျဆင်းလာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်ဖို့ရာအဓိကဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်လာပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားလည်းကောင်းမွန်လာမည်ဖြစ်သည်။

သို့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများမြှင့်တင်နိုင်ကာ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားစေရေး တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကွက်ပြည့်နှင်းကာ ဒေသအလိုက် မြေပြင်အခြေအနေများကိုကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည်များလမ်းညွှန်မှာကြားခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် မိတ္ထီလာခရိုင်သို့ ရောက်ရှိခဲ့သည်။ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် **“မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နိုင်ငံအတွင်းနေရာဒေသအနှံ့အပြားသို့တင်ပို့နိုင်သည့်အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြင်ပသို့ဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်းတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း”**ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲက မိတ္ထီလာခရိုင်နှင့်ပတ်သက်သော စိုက်ပျိုးရေးဆိုင်ရာတွက်ချက်မှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပန်းတိုင်သီးနှံများစိုက်ပျိုးမှုအနေဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့ကြောင်းကို မိတ္ထီလာခရိုင်၏ ပန်းတိုင်သီးနှံ(၁၀)မျိုးဖြစ်သော စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ကြံသီးနှံထဲမှ အချို့သီးနှံများကို ဥပမာပေးပြီးပြောကြားခဲ့ပါသေးသည်။ မိတ္ထီလာမြို့နယ်အတွက် ပန်းတိုင်သီးနှံများထဲမှ တစ်ခုဖြစ်သော မိုးစပါးပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ သတ်မှတ်ထားသော်လည်း အမှန်တကယ်ထွက်ရှိမှုမှာ ပျမ်းမျှတစ်ဧကလျှင် ၆၂ ဒသမ ၆၅ တင်းသာဖြစ်၍ ၃၇ ဒသမ ၃၅ တင်းလျော့နည်းခဲ့ကြောင်း၊ တစ်တင်းလျှင် ကာလပေါက်ဈေးငွေကျပ် ၂၂၀၀၀ ဖြင့်တွက်ကြည့်မည်ဆိုလျှင် ၁၀ ဒသမ ၃၆၉ ဘီလီယံခန့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး မိတ္ထီလာခရိုင်တစ်ခုလုံးအနေဖြင့်ဆိုလျှင် ၇၉ ဒသမ ၇၉၁ ဘီလီယံဝင်ငွေလျော့နည်းခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက် မပြည့်မီသဖြင့် နွေစပါးထွက်ရှိမှုတွင် ၄ ဒသမ ၆ ဘီလီယံ၊ မြေပဲထွက်ရှိမှုတွင် ၄၆ ဒသမ ၈၉၅ ဘီလီယံ၊ နှမ်းထွက်ရှိမှုတွင် ၅၈၀ ဒသမ ၄၈ ဘီလီယံလျော့နည်းခဲ့ပြီး နေကြာ၊ ပဲတီစိမ်း စသည့်သီးနှံများအပါအဝင် မိတ္ထီလာခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းတွင် ၉၈၀ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဘီလီယံဆိုသည်မှာ လူတိုင်းမြင်လွယ်အောင်ပြောရမည်ဆိုလျှင် ၁ နောက်တွင် သုည ၉ လုံးပါသော တန်ဖိုးတစ်ခုဖြစ်သည်။ ၁ ဘီလီယံသည် သိန်းပေါင်း ၁၀၀၀၀ နှင့်ညီမျှသည်။ ဘီလီယံ ၉၈၀ ဆိုလျှင် သိန်းပေါင်းဘယ်လောက်ရှိကြောင်းတွေးဆကြည့်၍ ရလောက်ပြီထင်သည်။ ထိုမျှများလှသော ငွေကြေးများသည် မိတ္ထီလာခရိုင်တစ်ခုတည်းတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ ဆုံးရှုံးရသော တိုင်းပြည်၏ဘဏ္ဍာငွေဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးခရိုင်ပေါင်း ၁၂၀ ကျော်ရှိသည့်အတွက် ပန်းတိုင်ရည်မှန်းချက်မပြည့်မီလျှင် ဆုံးရှုံးလျော့နည်းရမည့်ပမာဏမှာ ထို့ထက်ပို၍ များပေတော့မည်။ ထိုဆုံးရှုံးမှုများသည် ဒေသတစ်ခု၊ ခရိုင်တစ်ခု၏ ဆုံးရှုံးမှုတင်မဟုတ်ဘဲ တိုင်းပြည်ဝင်ငွေ ဘီလီယံပေါင်းများစွာ ဆုံးရှုံးနစ်နာရခြင်းဖြစ်သည်။ ပို၍အသေးစိတ်တွေးလျှင် တိုင်းပြည်ဝင်ငွေတင်မဟုတ် ဒေသအလိုက်နေထိုင်သော ပြည်သူတို့၏စားရေးအတွက် စားရေရိက္ခာဖူလုံမှုကိုပါ ထိခိုက်စေခြင်းဖြစ်သည်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင်

**စာမျက်နှာ ၁၂ သို့** ❐

## ပန်းတိုင်သီးနှံများ


စပါး


မြေပဲ



နှမ်း


နေကြာ


ပဲတီစိမ်း



ပဲစင်းငုံ


ချည်မျှင်ရှည်ဝါ


အစေ့ထုတ်ပြောင်း


မတ်ပဲ


ကြံ




❒ စာမျက်နှာ ၁၁ မှအဆက်

အဓိကမူတည်သည်။ **“ငါတို့ဒေသ ငါတို့တိုးတက်အောင် လုပ်ဆောင်ကြမယ်”**ဆိုသောစိတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှု အသီးအပွင့်များကို ပျော်ရွှင်စွာခံစားကြရပေမည်။ မိတ္ထီလာဒေသတွင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ခြင်းဖြင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်သည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ ၉၈၀ ဘီလီယံခန့် ဆုံးရှုံးမှုမျိုးမဖြစ်ပေါ်စေရေး နည်းလမ်းရှာဖွေကြမည်ဆိုလျှင် သီးနှံများ ထပ်မံစိုက်ပျိုးရန်အတွက် မြေကေချဲ့မည် တွေးသော်မှားပေလိမ့်မည်။ တကယ့်လက်တွေ့ကျကျဖြေရှင်းနည်းမှာ ရှိရင်းစွဲစိုက်မြေကေများပေါ်တွင် စိုက်ပျိုးရေး လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် စိုက်ပျိုးသည့်မျိုးများကောင်းမွန်ရမည်။ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် သုတေသနပြုလုပ်စိုက်ပျိုးရမည်၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုက်ဆန်လျှော်များ စိုက်ပျိုးဆောင်ရွက်နိုင်သည်။ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများကိုအသုံးပြုရမည်။ အလားတူ ရေလုံလောက်စွာရရှိရေးရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကိုအသုံးချ၍ ဆောင်ရွက်ရမည်။ မြေအောက်ရေနှင့်မိုးရေများနှင့် မြစ်ရေတင်စီမံကိန်းများမှရေများကို အသုံးချဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် သွင်းအားစုများ ကောင်းမွန်သော်လည်း စိုက်ပျိုးမှုတွင် နည်းစနစ်မကျပါက အောင်မြင်မှုရရှိမည် မဟုတ်သည်ကို သတိပြုရပေမည်။ သတ်မှတ်ထားသည့် ကောက်ကွက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်သော် ရှိရင်းစွဲစိုက်မြေကေပေါ်တွင် မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို အခြေခံပေါင်းစပ်ပြီး တစ်ကေပန်းတိုင်ရည်မှန်းချက်များအတိုင်း အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးခြင်းကသာ မှန်ကန်သည့်နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက် ပြည့်မီသော် တိုင်းပြည်အတွက် ဝင်ငွေဆုံးရှုံးရခြင်းလည်း ရှိနိုင်တော့မည်မဟုတ်ပေ။

မြန်မာနိုင်ငံသည် ရေခံ၊ မြေခံကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှာ စိုက်ပျိုးမွေးမြူရေးကို လုပ်ဆောင်နိုင်သည့် ဒေသများသာဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသည်လည်း စိုက်ပျိုးမွေးမြူရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်သည့် ဒေသဖြစ်သည်။ ထိုဒေသတွင် မိတ္ထီလာသည်လည်းတစ်ခုပါဝင်သည်။ မိတ္ထီလာသည် ပထဝီဗဟိုချက်၊ စီးပွားရေးဗဟိုချက်၊ လမ်းပန်းဆက်သွယ်ရေးဆုံမှတ် သုံးခုစလုံး၏အကျိုးကျေးဇူးကို ခံစားရသော မြန်မာနိုင်ငံ၏ အချက်အချာကျမြို့ဖြစ်သည်။ မြန်မာနိုင်ငံအထက်၊ အောက်၊ အရှေ့၊ အနောက် စသည့်မည်သည့်နေရာမဆိုလက်လှမ်းမီသည့်ဒေသဖြစ်သည်။

မိတ္ထီလာမြို့နှင့် ပတ်သက်လာလျှင် နိုင်ငံကိုအုပ်ချုပ်ခဲ့သော ရှေးမြန်မာဘုရင်အဆက်ဆက်တို့စိတ်ဝင်စားရာနေရာဒေသဖြစ်ခဲ့သည်။ စိတ်ဝင်စားသည့်အကြောင်းအချက်များတွင် အဓိကအားဖြင့် နိုင်ငံစီးပွားရေးအတွက် အချက်အချာဖြစ်နေခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်လည်း ရှေးကမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာနှင့်အညီ မိတ္ထီလာမြို့ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

လေ့လာကြည့်လျှင် မိတ္ထီလာမြို့သည် နိုင်ငံတော်အတွက် “စား၊ ဝတ်၊ နေ”ရေး၊ ပညာရေးတို့ကိုဖန်တီးတည်ဆောက်ပေးနေသောမြို့ဖြစ်သည်။ စားရေးအတွက် စိုက်ပျိုးမွေးမြူရေး၊ ဝတ်ရေးအတွက် ချည်မျှင်နှင့်အထည်စက်ရုံများ၊ နေရေးအတွက် သဘာဝသစ်တောများ၊ ပညာရေးအတွက် အဆင့်မြင့်တက္ကသိုလ်များ ရှိနေသည်။ လူသားတို့အတွက် စားဝတ်နေရေး၊ ပညာရေးဆိုင်ရာမရှိမဖြစ်လိုအပ်သည့်အရာများကို မိတ္ထီလာမြို့တွင် စီမံတည်ဆောက်ပေးထားသည်။

မိတ္ထီလာမြို့၏ ပထဝီဆိုင်ရာအချက်အလက်များကို လေ့လာကြည့်ပါက မြောက်ဘက်တွင် မြင်းခြံခရိုင် တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ် ရွာငံမြို့နယ်၊ တောင်ဘက်တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၊ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ တည်ရှိသည်။ မိတ္ထီလာခရိုင်သည် ဧရိယာအကျယ်အဝန်းအားဖြင့် ၂၂၃၅ ဒသမ ၂၅ စတုရန်းမိုင်ရှိသည်။ အရှေ့-အနောက် အကွာအဝေး ၇၂ မိုင်၊ တောင်-မြောက် အကွာအဝေး ၆၂ မိုင်ရှိသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၀ မှ ပေ ၉၀၀ အတွင်းရှိသည်။ မြေပြန့်လွင်ပြင်အချို့နှင့် အရှေ့ပိုင်း ရှမ်းကုန်းပြင်မြင့်နှင့်ဆက်စပ်သောဒေသများတွင် တောင်ကုန်း၊ တောင်တန်းများပေါ်များပြီး အလယ်ပိုင်းတွင် မယ်ညိုတောင်တန်းနိမ့်များတည်ရှိသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန် ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်၊ ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၁၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ လူဦးရေအားဖြင့် ၈၁၄၆၂၀ ဦးရှိသော မြို့လေးဖြစ်သည်။

မိတ္ထီလာဒေသတွင် စီးပွားရေးနှင့် ပတ်သက်၍ ကြီးမားသည့်စက်ရုံ၊ အလုပ်ရုံများမရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်းဝင်ငွေရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ လုပ်ငန်းမှန်သမျှတိုးတက်အောင်မြင်ရေးအတွက် တူညီသော လုပ်ဆောင်ချက်မှာ သုတေသနလုပ်ငန်းဖြစ်သည်။

လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်းအတွက် သုတေသနလုပ်ငန်းသည်လည်း အရေးပါလှသည်။ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်ပြီး ခြေခြေမြစ်မြစ်သိရှိစေဖို့ရာ စူးစမ်းရှာဖွေကြရမည်ဖြစ် သည်။ လုပ်ငန်းနှင့်သက်ဆိုင်သော ကိစ္စတိုင်း သိသည်များလည်းရှိမည်။ မသိသေးတာလည်းရှိမည်။ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ခြင်းသည် လုပ်ငန်းတိုင်းအတွက် နည်းမှန်လမ်းမှန်စနစ်တကျနှင့်လေ့လာဆန်းစစ်ပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် နည်းပညာဆိုင်ရာ အသစ်အဆန်းများကို ရှာဖွေတွေ့ရှိခြင်း၊ ဆောင်ရွက်ကြမည့်နယ်ပယ်အလိုက် ပညာရပ်ဆိုင်ရာတိုးတက်ခြင်း၊ သုတေသနရလဒ်များကြောင့် စီးပွားရေးအခွင့်အလမ်းများပွင့်လန်းခြင်း၊ အချက်အလက်ကိုအခြေခံ၍ ဆုံးဖြတ်ရသောကိစ္စများတွင် ကောင်းမွန်မှန်ကန်သောအထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိစေသည်။

မိတ္ထီလာဒေသအနေဖြင့်လည်း စိုက်ပျိုးရေးနယ်ပယ်တွင် သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် မိမိဒေသတွင်းရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့်ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၊ ဒေသခံများ၊ ရပ်မိရပ်ဖများ ညီညီညာညာလက်တွဲကာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ကုန်ထုတ်လုပ်ငန်းအတွက်လိုအပ်သော စိုက်ပျိုးရေးထွက်ကုန်များလုံလောက်စွာရရှိပြီး One Region One Product အဖြစ် မြန်မာမှသည် ကမ္ဘာအထိ ဈေးကွက်ထိုးဖောက်နိုင်မည်ဖြစ်သည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးကို ရေးသားရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှန်တကယ်အောင်မြင်စေချင်သည့်ဆန္ဒဖြင့် ရေးသားခြင်းဖြစ်သည်။ ယခုဆောင်းပါးသည်လည်း မိတ္ထီလာဒေသတစ်ခုတည်းကိုသာ ဦးတည်ရေးသားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိ အခြားခရိုင်၊ မြို့များအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး မိတ္ထီလာဒေသအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို မိမိတို့ဒေသများတွင်လည်း အတုယူကာ စိုက်ပျိုးရေးမှာ စိုက်ကေတိုးချဲ့ခြင်းထက် မိမိခရိုင်၊ မိမိတို့ဒေသမှာ သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်းလေးချက်ညီစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ မိမိတို့ဒေသရှိ တက္ကသိုလ်၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာန၊ ပညာရှင်များကလည်း သုတေသနလုပ်ငန်းများ လုပ်ဆောင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းမှန်သမျှတွင် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များထားရှိသည်။ ထိုရည်မှန်းချက်များအတိုင်း အောင်မြင်စွာအကောင်အထည်ပေါ်လာစေချင်သည်။ သက်ဆိုင်သူအားလုံးက မိမိနိုင်ငံကို အမှန်တကယ်တိုးတက်စေချင်သည့်စိတ်၊ မိမိလုပ်ငန်းအောင်မြင်လိုသည့်စိတ်များဖြင့် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက မည်သည့်လုပ်ငန်းမဆိုအောင်မြင်မည်ဟုလေးနက်စွာယုံကြည်သည်။

**တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်**ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ကျွန်တော်တို့အားလုံး ဖြစ်အောင်လုပ်ဆောင်ကြရမည်။ မဖြစ်နိုင်စရာအကြောင်းမရှိဟုလည်း ထင်မြင်မိပါသည်။ ဤနေရာတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖတ်ခဲ့မိသောပီမိုးနင်း၏ **“မသိသူကျော်သွား”** စာအုပ်ပါအကြောင်းအချက်ကလေးကို ကောက်နုတ်ဖော်ပြလိုသည်။ အဆိုပါစာအုပ်တစ်နေရာတွင် “မိုးဥတုများအတွင်း အလွန်တရာကြွယ်ဝသော ပထဝီမြေ မိခင်ကြီးသည် မိမိ၏ရင်ခွင်၌ မှီတင်းနေထိုင်ကြကုန်သော လူသတ္တဝါများအတွက် မြေဆီမြေနှစ်တို့ကို ဩဇာရသဓာတ်နှင့် ပြည့်စုံသောအပင်၊ အရွက်၊ အဥ၊ အသီးများအဖြစ်နှင့် ယူကြသုံးကြမှီဝဲကြလေ့ဟု ပြောဆိုကာ ဖောဖောသီသီကြီးပေး၍ နေတတ်လေသည်။ ထိုပစ္စည်းများသည် ပေးခိုက်မှာပင်မယူလျှင် မြေဩဇာပြန်၍ဖြစ်ကြလေသည်။ အချို့သောအရပ်ဒေသများ၌ ကျေးတောသူ၊ ကျေးတောသားများသည် အများအားဖြင့် မိမိတို့စားသုံးရုံမျှသာယူကြရာ အလုပ်အကိုင်ဖြစ်လောက်အောင် ရှာဖွေခြင်းမပြုကြပေ။ လုပ်ကိုင်သူအနည်းငယ်မျှသာရှိလေရာ ကြွယ်ဝသောတောတောင်ချောင်း၊ မြောင်း၊ ကွင်းပြင်တို့သည်ကား အလုပ်ဖြစ်လောက်အောင် ငွေကြေးရလောက်အောင် လာရောက်မယူမင်သူတို့ကို မျှော်ကာဝမ်းနည်းလျက် ငါတို့ပေးလျက်နှင့်မျှ ယူဖော်မရဟုအသက်ရှိ၍ ပြောနိုင်ကြချေက ညည်းတွားပြောဆိုကြပေလိမ့်မည်”ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့်အနှစ်ချုပ်ဆိုရသော် မိမိတို့ဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များကို ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကာ အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာကိုရည်ညွှန်းလျက် တိုက်တွန်းရေးသားအပ်ပါသည်။ ။

# ငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် ဇူလိုင် ၂၂

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုနယ်မြေ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ဆွေးနွေးရာတွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဇူလိုင်လ ၁၆ ရက်တွင်ကျင်းပခဲ့သည့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးဆွေးနွေးချက်များအရ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်နယ်မြေဒေသများရှိပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးချေးငွေအစီအစဉ်အား ဦးစားပေးကဏ္ဍများ သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချေးငွေပံ့ပိုးပေးမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ရန်ပုံငွေကို စနစ်တကျ ထိရောက်မှုရှိစွာ စီးဆင်းလည်ပတ်စေရန် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးအား လစဉ်ပထမပတ်နှင့် တတိယပတ်တို့တွင် တစ်လနှစ်ကြိမ် ကျင်းပရန် ဆွေးနွေးခဲ့ကြပြီး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဘဏ်နှင့်ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (မူကြမ်း)၊ ရန်ပုံငွေထည့်ဝင်ခြင်း၊ သီးခြားစာရင်းဖွင့်လှစ်ခြင်း၊ ဘဏ်နှင့်ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စာရင်းလွှဲပြောင်းခြင်း၊ ချေးငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စရပ်များအတွက် ရန်ပုံငွေစီးဆင်းမှုပုံစံအား ရေးဆွဲအတည်ပြုခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသိရသည်။ မြဝတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဇူလိုင် ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၃-၇-၂၀၂၅ ရက် ည ၈ နာရီမှ ၂၀-၇-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲမှုနမူနာစုစုပေါင်း ၆၅၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေရှိသည့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဟောက်ခန့်ဆုမ်း<br>ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာတိုးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဒေါ်သူဇာရှိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့်ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ လက်မခန့်ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ၁ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၁၁၇၇၁၊ ၀၉-၂၅၆၆၂၅၃၇၇
၀၆၇-၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❒ စာမျက်နှာ ၁၅ မှအဆက်

ဆရာ၊ ဆရာမများကလည်း ကျောင်းဖွင့်ချိန် နောက်ကျခဲ့သည့်အတွက် ကျောင်း သင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှ ရယူ၍ သင်ခန်းစာအကုန် သင်ကြားပေးစေလိုပါကြောင်းနှင့် တတ်မြောက်အောင်လည်း သင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး (၂၅)ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နောင်ချိုမြို့နယ်တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိ ကျေးရွာများ အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်ရေးအတွက်လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ယခုနှစ်ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့်မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိမြို့/ရွာကို မိမိတို့က ပြန်လည်တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အဦများနှင့်လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်ချိုဒေသအား မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ မြို့ရွာများ အမြန်ဆုံးစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့်ပစ္စည်း(၁၆) မျိုးပါ Family Kit များကိုထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရပ်မိရပ်ဖနှစ်ဦးကလက်ခံရယူသည်။ နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ပေးသည့် အမယ်စုံပစ္စည်းများနှင့် ရိက္ခာများကို ဇူလိုင်လ ၁၈ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက အပြည့်အစုံပေးအပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဆေးရုံအတွင်းနှင့်အပြင် ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ဖယ်ရှားရှင်းလင်းစဉ် ဆယ်တင်အသုံးပြု၍ရသည့် ပစ္စည်းများကို ပြန်လည်ဆန်းစစ်မှုများပြုလုပ်ကာ အသုံးပြုနိုင်ရေး၊ ဆေးရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး၊ ရေ၊ မီး၊ မိလ္လာ စနစ်ကောင်းမွန်စေရေးတို့ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းအတွင်းရှိ ပတ္တမြားခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများက ဇူလိုင်လ ၂၂ ရက်မှစတင်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံပေးသွားပြီး အတန်းအလိုက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ရမည့် စာသင်ဆောင်များကို အမြန်ဆုံးဆောင်ရွက်သွားရန်မှာကြားပြီး ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့မရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများက အဆောက်အဦများကို ဖျက်ဆီးခဲ့မှုနှင့် အခိုင်အမာ ခံစစ်စခန်းတည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုစည်ပင်သာယာရေးရုံးသို့ ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက်လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာဝန်ဆောင်မှုပေးရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အဦများနှင့် ဒေသခံပြည်သူများ၏ ပျက်စီးသွားသည့်အဆောက်အဦများကို Level I/II စစ်ဆေး၍ လိမ္မော်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်ကာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် လုပ်ငန်းအစီအမံအတိုင်း အဆင့်လိုက် အမြန်ဆုံးဆောင်ရွက်ကြရန်နှင့် ဦးစားပေးအဖြစ် စာသင်ကျောင်းနှင့် ဆေးရုံအား ချက်ချင်းစတင်ဆောင်ရွက်ရန်၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှလည်း နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက်၊ ဘာသာသာသနာ၏ ဓမ္မစက်နှင့် တရားဥပဒေစိုးမိုးမှုအောက်သို့ အေးချမ်းစွာနေထိုင်လိုပြီး မိမိတို့၏လူမှုစီးပွားဘဝအတွက် ရိုးသားစွာ လုပ်ကိုင်စားသောက်လိုသည့် မည်သည့်ဒေသခံတိုင်းရင်းသားမဆို မိမိတို့၏ရပ်ကွက်အိုးအိမ်များတွင် အမြန်ဆုံးနေထိုင်မည်ဆိုပါက စနစ်တကျစိစစ်၍ ပြန်လည်နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များရေးဆွဲခြင်း အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပန်းတနော်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ဇလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ပန်းတနော် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဇလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇူလိုင်လ ၂၁ ရက်တွင် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဇလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကိုယူကြမည့်လူငယ်များ အလုပ်အကိုင်၊ အတွေးအခေါ်၊ အယူအဆများ မှန်ကန်စေရန် စသည့် ရည်ရွယ်ချက်များကိုပြောကြားပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဦးလင်းမောင်မောင်ထွန်းက စာဖတ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade–11 မှ မောင်သက်ပိုင်စိုး၊ မောင်ငြိမ်းချမ်း၊ Grade–10 မှ မဝင်းပပ၊ မဆုပြည့်အိမ်တို့က လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။



ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

❐ စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါယာယီဆေးရုံကို ဇူလိုင်လ ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ဆေးလာရောက်ကုသသူ ဦးရေ ၁၆၀ ရှိကြောင်း၊ ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ အရေးပေါ်ကုသရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် ယာယီဆေးရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားစဉ် ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအင်္ဂုသ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နောင်ချိုမြို့အား ယခင်အေးချမ်းစဉ်ကာလ ဖွံ့ဖြိုးတိုးတက် စည်ပင်မှုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက် စည်ပင်သောမြို့အဖြစ် တစ်ဖန်ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားမည့်အခြေအနေများနှင့် သာသနာဆိုင်ရာကိစ္စရပ်များအပါအဝင် ဆရာတော် သံဃာတော်များ၏ ကျန်းမာရေးအခြေအနေများကိုလျှောက်ထားရာ ဆရာတော်က ယခုကဲ့သို့ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအတွက် များစွာဝမ်းမြောက်ကြောင်း ပြန်လည်မိန့်ကြားပြီးနောက် တပ်မတော်သားများအားလုံးအတွက် ဆက်လက်အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နောင်ချိုမြို့ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းကြောင်းကြောင့် ခေတ္တစွန့်ခွာခဲ့ရကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် ၂၄ နာရီ တာဝန်ရှိပြီး ပြည်သူများအပေါ် ကျရောက်လာမည့်ဘေးအန္တရာယ်များရန်မှ ကာကွယ်စောင့်ရှောက်ရမည့်တာဝန်လည်းရှိကြောင်း၊ သို့သော်လည်း အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ အဆင့်မြင့်နည်းပညာများဖြင့် ကူညီပေးမှုများ၊ အားပေးအားမြှောက်မှုများနှင့်ထောက်ပံ့ပေးမှုများကြောင့်နောင်ချိုဒေသတစ်ဝိုက်မှ အဆင့်ဆင့် တောင်ခမ်းဒေသနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ်နယ်နိမိတ်အစပ်အထိ ခွာစစ်ဆင်ခဲ့ရပါကြောင်း၊ နောင်ချိုမြို့နယ်ရှိဒေသခံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိတို့ တပ်မတော်သားများတွင် တာဝန်ရှိသည့် အားလျော်စွာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Opera–tion) ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု မနက်/ညနေတိုင်း သစ္စာ(၄)ချက်ရွတ်ဆိုကြသူများပီပီ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကိုအမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင်လ ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရေး စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် စာမျက်နှာ ၁၈ သို့ ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်စဉ်။

❒ **ကျောဖုံးမှအဆက်**

ထိုသို့ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများ ဖြည့်ဆည်းဆောင်ရွက်ကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ချည်းကျန် အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့မှုကြောင့် နောင်ချိုမြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့သည့် တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များအား တပ်မတော်ကိုယ်စား၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ ထိုသို့ ရရှိထားသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ထောက်ပံ့ငွေပေးအပ်စဉ်။





ယာယီဆေးရုံအတွင်း ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ်လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်းခေါ်ဆောင်လာစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ပစ္စည်း(၁၆)မျိုးပါ Family Kit များကို ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားစဉ်။

**❖ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

တိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်ကို မည်မျှယုံကြည်အားကိုးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများစိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကိုပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာအသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့်အမိန့်နှင့်ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦးပီသစွာလိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိမိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များ တပ်ဆင်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **စာမျက်နှာ ၁၅ သို့** ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံတွင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစဉ်။

**❖ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ . . .**

**❖ ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင်လ ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန်စီစဉ်ထားပြီးဖြစ်၊ (၂၅) ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ် . . .**

**❖ နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန်ဆောင်ရွက်သွားမည်ဖြစ်၊ ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လို . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win honoured victorious soldiers in Nawnghkio, inspects People's Hospital and schools destroyed by terrorist insurgents, meets departmental personnel and local nationalities



Vice-Senior General Soe Win delivers an address at the meeting with locals.

NAY PYI TAW July 21

Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Shan State Chief Minister U Aung Aung, senior military officers from the Office of the Commander-in-Chief, deputy ministers and officials, this afternoon went to Nawnghkio in Shan State (North), that is now under control again after launching counterterrorism operations for the people to in live in peace and tranquility. There, he honoured the victorious soldiers, inspected the People's Hospital and schools destroyed by terrorist insurgents, and fulfilled the needs of locals and departmental personnel through coordinated measures.

The Vice-Senior General and party arrived in Nawnghkio, attended a ceremony to honour the victorious officers and other ranks and delivered a speech.

In his speech, the Vice-Senior General said Tatmadaw members after regrouping and restoring the command in the surrounding areas of Taunghkam launched the counterterrorism operation, during which they charged and fought and crushed the enemy with unyielding spirit while overcoming any kind of difficulties and dangers with firm determination in accord with the noble traits of the Tatmadaw, and finally they were able to recapture Nawnghkio. The Vice-Senior General, on behalf of the Tatmadaw and the Commander-in-Chief of Defence Services, thanked and honoured them, as they had further improved the Tatmadaw's image. All must preserve and maintain those noble traits.



Vice-Senior General Soe Win pins new insignia onto the uniform of a soldier.

The degree of trust placed on the Tatmadaw by the local nationalities, who were temporarily displaced by the terrorist insurgents is visible to all. In this regard, security forces should take area security and control measures with added momentum for ensuring a peaceful life and working environment and socio-economic development for the people. They must turn advantages into extra strength and shortcomings into lessons and must effectively apply them

See Page - 21●●



Vice-Senior General Soe Win cordially converses with locals at a temporary hospital.



Vice-Senior General Soe Win inspects Nawnghkio Police Station.

# Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers speech at opening ceremony of 8th UN Peacekeeping Officer Course

NAY PYI TAW July 21

To enable Myanmar military officers and personnel to gain knowledge about United Nations peacekeeping operations, the opening ceremony of the **UN Peacekeeping Officer Course,** jointly organized by the Myanmar Armed Forces and the Indian Armed Forces, was held this morning at the Park Royal Hotel in Nay Pyi Taw.

The ceremony was attended by Vice Chairman of the State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, senior military officers from the Office of the Commander-in-Chief, the Commander of Nay Pyi Taw Command, H.E. Mr. Abhay Thakur, Ambassador of India to Myanmar, military attachés, Indian military instructors and Myanmar military officers attending the course and other officials.



Vice-Senior General Soe Win delivers speech at opening ceremony of the 8th UN Peacekeeping Officer Course.

First, Vice-Senior General Soe Win delivered the opening speech. This was followed by an address by the Indian Ambassador to Myanmar.

Afterwards, an instructor from India's Center for United Nations Peacekeeping (CUNPK) gave a PowerPoint presentation on India's participation in UN Peacekeeping Operations.

Later, Vice-Senior General Soe Win and party posed for a commemorative group photo with the CUNPK instructors and course participants.

This is the 8th edition of the course. From 2016 to 2019, a total of 130 officers and 84 soldiers attended. This year, 30 officers are participating.

The training will cover the history, structure, and regulations of UN peacekeeping operations, code of conduct for UN peacekeeping forces, protection of civilians and children, civil-military cooperation, patrolling, convoy security, and battalion camp establishment and practical exercises, including the Blue Helmet training. The course will run until August 1.

**100**

# Pwintbyu Township plants more than 12,000 acres of rain-fed sesame

PWINTBYU July 21

Local farmers have so far planted 12,955 acres of rain-fed sesame in Pwintbyu Township of Magway Region, according to the township agriculture department.

In Pwintbyu Township, it is reported that during this year's monsoon cropping season, a target has been set to cultivate 24,720 acres of rain-fed sesame. Planting began in the first week of June, and as of today, a total of 12,995 acres have already been planted.

"This year, the plan is to cultivate 24,720 acres of sesame in Pwintbyu Township during the monsoon season. So far, a total of 12,995 acres have been completed. We are collaborating with farmers to ensure the full targeted acreage is planted. To achieve good yields and high-quality sesame, we will be conducting agricultural awareness and training programs," said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture.

It is also known that during this monsoon season, the Department of Agriculture is working together with local sesame farmers to achieve the full cultivation target. This includes efforts to ensure good yields, promote the use of quality and regionally suitable sesame varieties, apply correct cultivation methods, and prevent pest and disease outbreaks through agricultural education programs.

Daw Moe Moe Wai added that if sesame can be cultivated successfully with improved yields, it will not only satisfy local oil consumption needs but also allow for the export of surplus production, which in turn can contribute to local socio-economic development. Therefore, efforts should be made across all regions to expand sesame cultivation.**SK**

# Htigyaing Township completes cultivation of more than 60,000 acres of sugarcane

HTIGYAING July 21

Statistics of Htigyaing Township Department of Agriculture in Sagaing Region stated that local farmers have planted 65,850 acres of sugarcane as monsoon crops this monsoon.

During the 2025-2026 monsoon crop season, it has been planned to cultivate 65,909 acres of sugarcane in Htigyaing Township. Planting began in May of this year, and up to now, a total of 65,850 acres have already been cultivated. Efforts are ongoing to meet the target acreage.

"The plan for this year's monsoon season in Htigyaing Township is to grow a total of 65,909 acres of sugarcane. So far, 65,850 acres have been planted. We are working to meet the full target. Local farmers usually grow sugarcane regularly," said U Ko Ko Aung, the Township Head of the Department of Agriculture in Htigyaing.

Sugarcane cultivation in Sagaing Region takes place mainly in Shwebo, Kanbalu, and Katha districts. Among them, Kanbalu and Katha districts have the largest sugarcane cultivation areas.

In Htigyaing Township, the cultivation cost is estimated between Ks-600,000 and Ks-700,000 per acre, and the average yield is about 30 tons per acre.

In Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formosa, and Hsinshweli are cultivated, with a focus on both rain-fed and irrigated plantations.**SMK**

# More than 1,000 acres of maize and sweet corns planted in Kyaukmyaung Sub-township

KYAUKMYAUNG July 21

According to the Sub-township Agriculture Department, farmers from Kyaukmyaung Sub-township of Shwebo District in Sagaing Region have planted more than 1,000 acres of maize and sweet corns during this monsoon.

Local authorities earmarked cultivation of 3,579 acres of maize and 3,653 acres of sweet corns in Kyaukmyaung Sub-township in 2025-2026 cultivation season but local farmers have so far planted 952 acres of maize and 1,003 acres of sweet corns, totalling 1,955 acres.

Daw Khin Win, Head of Kyaukmyaung Sub-township Agriculture Department, said: "Local authorities set a plan to grow more than 7,000 acres of maize and sweet corns in the sub-township this monsoon. Local farmers have planted more than 1,000 acres of crops so far. Our department helps local farmers meet the target cultivation. Moreover, we provide agricultural knowledge to thrive crops and prevent pests."

The department conducts training courses for local farmers to raise their capacity for cultivation of maize and sweet corns, holds field demonstration, prevent FAWs and make natural pesticides made of neem, ginger and chilli.

In the sub-township, maize can yield more than 50 baskets per acre and local farmers need to cost Ks-500,000 per acre of cultivation. Sweet corns yield 15,000 ears per acre and it costs more than Ks-500,000 acre.

**SK**

From Page - 21

perseverance and diligence. The first instruction of the Prime Minister after retaking Nawnghkio was to take measures to reopen basic education schools, which were closed for nearly one year to enable students to study peacefully and happily as today is the age of education and they will receive education only when they go to formal schools. As a result, the Ministry of Education of the government has taken measures to reopen schools as soon as possible and plans are underway to accept school admission applications starting from 22 July. We would like to request the residents to send new generation students that lead the future country without fail. Teachers are required to teach lessons to students on some holidays to enable them to actually acquire education as the school opening date is late. Secondly, the Prime Minister gave an instruction on the needs to repair the 25-bed Nawnghkio Township People Hospital as soon as possible as the hospital was destroyed by terrorist insurgents and to provide regular healthcare services to residents. Thirdly, the Prime Minister gave an instruction on measures for security and the rule of law for stability and sustainable development of Nawnghkio Township. Therefore, steps must be taken to restore the security and the rule of law in Nawnghkio and surrounding villages to resume operations of government mechanisms. In doing so, local residents are required to cooperate with the Tatmadaw and departmental officials. Moreover, the free and fair multi-party democracy general, which is scheduled in December this year will be held successfully. Staff from relevant ministry departments will take measures to reissue citizenship scrutiny cards and household registration lists as soon as possible if they were lost due to various reasons to enable all eligible voters to cast their votes. As government staff are responsible to serve the people, they are required to perform their duties out of goodwill toward the people. As it is necessary to rebuild the town and villages, residents are required to cooperate with departmental officials to repair damaged houses, departmental offices and roads and bridges as soon as possible in addition to carrying out repair works by themselves. In conclusion the Vice-Senior General prayed for the recovery of Nawnghkio region to its normal situation and better socio-economic lives, urban and rural development.

Then, the Vice-Senior General presented foodstuffs including rice, cooking oil and salt and family kits which include 16 different items of the Ministry of Social Welfare, Relief, and Resettlement for local national residents to two town elders, who received them on behalf of local residents. It was reported that different items and rations provided by the SAC and regional governments of Mandalay Region and Shan State had been supplied to residents by the chief minister of Shan State and senior military officers on 17 July.

Afterward, the Vice-Senior General cordially greeted local national residents, who attended the meeting, and spoke words of sympathy.

Then, the Vice-Senior General and accompanying members visited the public hospital in Nawnghkio and inspected the damage, including the emergency surgery room destroyed by terrorists. He instructed officials to promptly clear the damage inside and outside the hospital, reassess and reuse salvageable materials, restore cleanliness, and improve the water, electricity, and sewage systems.

After that, the Vice-Senior General and members arrived at the Nawnghkio Township Fire Department Office. They met with fire department members, instructing them to collaborate with government departments and local residents in rehabilitation efforts and guiding them on other necessities, then presented them with cash rewards.

Subsequently, the Vice-Senior General and members arrived at No.(1) Basic Education High School in Nawnghkio. They inspected the Ruby Hall, classrooms, and the principal's office within the school. The township education officer and teachers explained their plans to begin student enrollment from July 22 and resume class-by-class instruction. In response, the Vice-Senior General instructed that the school's appearance be improved through cleanliness efforts when it reopens and that damaged classrooms be repaired as quickly as possible. He also coordinated with relevant officials to ensure the teachers' food and accommodation were convenient and presented them with financial support.

Next, the Vice-Senior General and members arrived at the Nawnghkio Township Police Station. They inspected the damage to buildings within the police station compound, which had been destroyed by terrorists, and observed the strongly fortified defensive positions established by them. Meeting with police force members, the Vice-Senior General instructed them to faithfully and diligently work with relevant organizations on security and rule of law during the rehabilitation period, emphasizing loyalty to the state and their own organization, and provided guidance on other necessities, along with presenting cash rewards.

The Vice-Senior General and accompanying officials arrived at the Nawnghkio Municipal Development Office, where they met with district- and township-level departmental personnel to discuss measures related to security and law enforcement aimed at restoring public trust in Nawnghkio. In efforts to promptly reestablish government administrative functions, directives were issued to reorganize administrative structures at the township, ward, and village levels. Additionally, instructions were given to make necessary preparations in advance to ensure that all eligible voters can exercise their voting rights in the upcoming multi-party democratic elections. Officials were instructed to carry out rehabilitation and public welfare duties with integrity and without corruption. Departmental buildings destroyed by terrorists and damaged buildings of local people should be inspected at Level I/II, classified into orange and red levels, and the work plan issued by the Buildings Restoration, Utilization, and New Buildings Construction Supervision Committee should be implemented as soon as possible. Priority should be given to the immediate commencement of work on schools and hospitals. The Nawnghkio Township Administrative Committee also appealed to local ethnic residents who wish to live peacefully under the state government's administrative authority, religious institutions, and the rule of law within Nawnghkio Township's neighborhoods and villages, and who are committed to honest work for their socio-economic well-being, to return to their homes as soon as possible. He instructed that systematic arrangements for resettlement be reviewed and implemented, rehabilitation work plans be developed, and weekly coordination meetings be held to ensure timely completion while meeting all necessary requirements.

**100**

# Zalun Township dispatches 69,000 bags of black gram to Yangon market

ZALUN July 21

"Local merchants from Zalun Township of Ayeyawady Region sold 69,000 bags of black gram to Yangon market," said Daw Tin Tin Htay, the owner of pulses and bean trading in Zalun Township.

It has been learned that Zalun Township was able to export and sell up to 69,000 bags of 16-pyi black gram to the Yangon market.

"A total of 69,000 bags of 16-pyi black gram were sold from Zalun Township to the Yangon market in just one month. Currently, buyers from Yangon are actively purchasing pulses produced in the region. Due to strong demand from international markets for black gram, Yangon buyers are also increasing their purchases. Traders and business owners in the region are transporting and selling local pulses and grains to Yangon. Right now, there's a strong demand from overseas markets," said Daw Tin Tin Htay, a local trader in various types of pulses from Zalun Township.

It is reported that each 16-pyi bag of black gram exported and sold from Zalun Township to the Yangon market is fetching up to Ks-115,000. Due to good prices and strong demand, farmers, traders, cargo workers, and truck rental operators are all benefiting.

**SMK**

# The number of local chicken breeders increase in upper Myanmar

MANDALAY July 21

The number of local chicken breeders in upper Myanmar has increased, according to data from local sources.

Currently, the native chicken trade is at a good price, and sales are moderate, but there are more breeders of indigenous chicken because of its popularity.

"There are many interested people. Most of them are buyers from upper Myanmar. The prices are good in Taunggyi, Kengtung and Myitkyina," said a local chicken trader and breeder.

Raising local chickens can take from 2.5 to 4 months, and there is an advantage that they can still be kept even if they are not sold out.

"They are called local, indigenous or Bamar chickens. If they are of shorter days, the meat is soft. It also depends on the input. If you feed them company feed, they will be ready in 2.5 to 3 months. If you mix your feed, they will be ready for sale in 4 months," he said.

As for inputs, in addition to ready-to-eat chicken feeds, breeders can prepare by mixing paddy, rice, broken rice, rice bran, cooked rice or mixture, green feed, bean meal cake and locally available silk leaves, Boscai leaves, water spinach and water hyacinth and feed them in a bowl.

**SK**



Vice-Senior General Soe Win meets fire brigade members.



Vice-Senior General Soe Win holds a meeting with departmental personnel.

●● From Page - 18

in the battlefield. As good soldiers they must abide by the issued directives, conduct morale-strengthening drills, be loyal to the State and Tatmadaw and improve the image of their families and that of the Tatmadaw.

Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and Lt-Gen Naing Naing Oo from the Office of the Commander-in-Chief (Army) pinned new insignia onto the uniform of the soldiers, who were promoted at the battle field for their brilliant efforts in the battleground. The Vice-Senior General presented foodstuff for officers and other ranks through an official.

The Vice-Senior General and party proceeded to a temporary hospital jointly run by the Tatmadaw and Ministry of Health at Myanantawwin Mingala Hall in Nawnghkio and cordially asked after the health of locals receiving treatment there. They also present financial aid to patients and cash awards to health staff.

The hospital was launched on 20 July and currently, it has 160 patients. Arrangements are under way to administer vaccines and the mobile treatment vehicles will arrive soon for emergency cases. The Vice-Senior General looked around the hospital and brought a 15-year-old malaria patient and the parents to the military hospital in PyinOoLwin for treatment by helicopter.



Vice-Senior General Soe Win presents foodstuff for the people of Nawnghkio.

The Vice-Senior General and party paid respects to monks led by principle Sayadaw Bhaddanta Ingusa, at Hawtaung Monastery in Taung Ward, Nawnghkio, and presented donations in cash and kind. In his supplications including religious matters, the Vice-Senior General promised progress and prosperity for Nawnghkio that is greater than the degree when the town was enjoying peace and progress. The Sayadaw expressed pleasure for the restoration of Nawnghkio and prayed for further victories and safety for soldiers.

The Vice-Senior General and party then met local nationalities at the Nawnghkio town hall.

During the meeting the Vice-Senior General delivered a speech, saying the Tatmadaw and members of security forces had to retreat from Nawnghkio temporarily due to various reasons. Tatmadaw personnel are responsible to perform their duties round the clock and to protect the people from dangers they might face. However, there were advanced technical assistance, encouragement, and support from behind the scenes during the acts of terrorism. The Tatmadaw had to retreat to Taungkham and the border areas between PyinOoLwin Township and Nawnghkio Township phase by phase. As the Tatmadaw is responsible for rehabilitation of socio-economic lives of local residents safely, reorganization tasks were carried out in Taungkham station and launched the counter-terrorism operation codenamed Aung Zeya and personnel were able to reoccupy Nawnghkio as they make four pledges to sacrifice their live for their country, their citizens and their Tatmadaw by using their chests as bunkers every morning and night and fought the battle out of relentless

See Page - 20●●



Lt-Gen Naing Naing Oo pins new insignia onto the uniform of a soldier.


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Business and Industry News

မောင်ယုယ စုစည်းတင်ပြသည်။

# ရုရှားနိုင်ငံ၏ အရန်ရွှေပမာဏ ၁၀ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိ




ရုရှားနိုင်ငံ၏ အရန်ရွှေပမာဏသည် ယခုနှစ် ပထမခြောက်လအတွင်းမှာပင် တန်ဖိုးအားဖြင့် ဒေါ်လာ ၂၄၈ ဒသမ ၇ ဘီလီယံအထိ စံချိန်တင်မြင့်တက်လာခဲ့ခြင်းကြောင့် ယခုနှစ်အစပိုင်းမှစတင်၍ ၂၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည်။

ရုရှားနိုင်ငံ၏အရန်ရွှေပမာဏ မြင့်တက်လာခြင်းတွင် အကြောင်းရင်းနှစ်မျိုးပါဝင်လျက်ရှိပြီး ပထမအကြောင်းရင်းမှာ ဗဟိုဘဏ်က ရွှေတုံးများနှင့်ရွှေချောင်းများကို ဝယ်ယူ၍ အရန်ရွှေပမာဏအတွင်းသို့ ထပ်မံပေါင်းထည့်ခြင်းဖြစ်သည်။

ဒုတိယအကြောင်းရင်းမှာ စျေးကွက်အတွင်း၌ ရွှေစျေးနှုန်းများမြင့်တက်လာခြင်းကြောင့် ရုရှားဗဟိုဘဏ်ရှိ အရန်ရွှေများ၏စျေးနှုန်းမှာလည်း တန်ဖိုးအားဖြင့် လိုက်ပါမြင့်တက်လာခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံ ပလီခါနော့ဗ်စီးပွားရေး တက္ကသိုလ်ရှိ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးစျေးကွက်နှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာဌာနမှ ယာယီအကြီးအကဲဖြစ်သူ ဆဗက်လာနာဖရူမီနာက ပြောကြားသည်။

၂၀၂၅ ခုနှစ် ပထမခြောက်လအတွင်း မှာပင် ငွေဖြစ်လွယ်သည့်သတ္တုသို့မဟုတ် ရွှေ၏စျေးနှုန်းသည် တစ်အောင်စလျှင် ဒေါ်လာ ၃၃၀၀ အထိ မြင့်တက်လာခြင်းကြောင့် တန်ဖိုးအားဖြင့် ၂၄ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း TradingView တွင် ဖော်ပြထားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့က ၎င်းတို့နိုင်ငံအတွင်းရှိ ရုရှားနိုင်ငံမှပိုင်ဆိုင်သည့် ဘဏ္ဍာရေးအရင်းအမြစ်များနှင့်ပိုင်ဆိုင်မှုများကို ထိန်းချုပ်လိုက်ပြီးချိန်မှစ၍ ရုရှားနိုင်ငံသည် နိုင်ငံခြားအရန်ငွေအတွက်ထားရှိသည့် အရန်ရွှေပမာဏနှင့် နိုင်ငံအတွက်ထိန်းသိမ်းထားသည့် အရန်ရွှေပမာဏပိုမိုတိုးမြင့်လာစေရန်အတွက် ရွှေဝယ်ယူမှုကိုတိုးမြင့်ခဲ့သည့်အပြင် အမေရိကန်ဒေါ်လာနှင့်ယူရိုငွေကြေးများအစား တရုတ်ယွမ်ငွေအမြောက်အမြားကိုပါ ဝယ်ယူခဲ့ကြောင်း Freedom Finance Global မှ ကျွမ်းကျင်သူနှင့် အကဲဖြတ်သူတစ်ဦးဖြစ်သူ ဗလာဒီမာချာနော့ဗ်က ပြောကြားထားသည်။

ထို့ပြင် ရုရှားအစိုးရသည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်၊ ပြည်တွင်းကုန်ပစ္စည်းများထုတ်လုပ်မှုကို အကာအကွယ်ပေးရန်နှင့် နိုင်ငံ့ငွေကြေးဖြစ်သည့် ရူဘယ်တန်ဖိုးမြင့်တက်လာစေရန်အတွက် ရွှေကိုအဓိကထား၍ အရန်ငွေကြေးအဖြစ်စုဆောင်းလာခြင်းဖြစ်သည်။ ထို့ပြင် ဗလာဒီမာပူတင်အစိုးရ၏ငွေကြေးဆိုင်ရာမူဝါဒများကြောင့် ရူဘယ်ငွေကြေးတန်ဖိုးသည် ယခုနှစ် ဇူလိုင်လအတွင်း၌ ယူရိုငွေကြေးနှင့်လဲလှယ်ရာတွင် ၅ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။

Ref: Rt, Iv

# တရုတ်နိုင်ငံတွင် ပထမဆုံးသော သတင်းနည်းပညာ၊ သုတေသနနှင့်ထုတ်လုပ်ရေးစင်တာကို BMW တည်ဆောက်မည်




ဂျာမနီနိုင်ငံမှ ကမ္ဘာကျော် BMW မော်တော်ကားကုမ္ပဏီသည် ၎င်းတို့၏ ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်များကို ချဲ့ထွင်နိုင်ရေးအတွက် တရုတ်နိုင်ငံအတွင်း၌ ပထမဆုံးသောသတင်းနည်းပညာ၊ သုတေသနနှင့် ထုတ်လုပ်ရေးစင်တာတစ်ခုကို တည်ဆောက်မည်ဖြစ်သည်။

BMW ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ ပထမဆုံးသောစင်တာကို ကျန်းစုပြည်နယ် နန်ကျင်းမြို့ ကျန်းယီခရိုင်တွင်ဖွင့်လှစ်မည်ဖြစ်ပြီး ဂျာမနီကားကုမ္ပဏီ၏ တရားဝင်ရုံးခွဲအဖြစ်လည်းပတ်မည်ဖြစ်သည်။ အဆိုပါစင်တာသည် ဉာဏ်ရည်တုနည်းပညာ၊ စက်မှုလုပ်ငန်းသုံး ဒစ်ဂျစ်တယ်နည်းပညာသုံးဆန်းသစ်တီထွင်မှုများကို အဓိကထားလုပ်ဆောင်မည်ဖြစ်သည်။

နန်ကျင်းမြို့တွင်ဖွင့်လှစ်မည့် BMW ကုမ္ပဏီ၏သတင်းနည်းပညာ၊ သုတေသနနှင့်ထုတ်လုပ်ရေးစင်တာသည် အာရှဒေသအတွင်းရှိ ၎င်းကုမ္ပဏီ၏အကြီးဆုံးသောစင်တာဖြစ်လာမည်ဖြစ်သည်။ အဆိုပါစင်တာအနေဖြင့် BMW ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှု၊ ရောင်းချမှု၊ ရောင်းချပြီးနောက် ပြုပြင်ထိန်းသိမ်းပေးခြင်း စသည့်ဝန်ဆောင်မှုများကို နည်းပညာအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည့် တရုတ်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

BMW ကုမ္ပဏီသည် လက်ရှိတွင် တရုတ်နိုင်ငံရှိ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လျက်ရှိပြီး အထူးသဖြင့် တရုတ်နိုင်ငံ၏ လမ်းမကြီးများ၏ အခြေအနေနှင့်အညီ ယာဉ်မောင်းသူများအား အထောက်အကူပြုစေမည့် အဆင့်မြင့်နည်းပညာစနစ်များကို ပူးတွဲထုတ်လုပ်လျက်ရှိသည်။

Ref: Xa

# လူနေမှုစရိတ်ကြီးမြင့်လာခြင်းကြောင့် ဗြိတိန်ပြည်သူများ၏တစ်ပတ်နွမ်းကုန်ပစ္စည်းအသုံးပြုမှုမှာ ၂၀၂၅ ခုနှစ်တွင် စတာလင်ပေါင် ၄ ဒသမ ၈ ဘီလီယံအထိရောက်ရှိလာနိုင်




ဗြိတိန်နိုင်ငံတွင် လူနေမှုစရိတ်ကြီးမြင့်လာခြင်းကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများသည်အသုံးစရိတ်ချွေတာသည့်အနေဖြင့် အသုံးပြုပြီးတစ်ပတ်နွမ်းပစ္စည်းများကို တိုးမြှင့်ဝယ်ယူအသုံးပြုလာခဲ့ရာ ထိုသို့ ဝယ်ယူအသုံးပြုမှုတန်ဖိုးသည် ၂၀၂၅ ခုနှစ်တွင် စတာလင်ပေါင် ၄ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံခန့်) အထိရောက်ရှိလာနိုင်ကြောင်း Amazon.com မှထုတ်ပြန်သည့်အချက်အလက်များတွင်ဖော်ပြထားသည်။

ဗြိတိန်ပြည်သူများသည် မြင့်တက်လာသည့် လူနေမှုစရိတ်နှင့် ကာမိစေရန်အတွက် တန်ဖိုးကြီးမားပြီး ပတ်ဝန်းကျင်ထိခိုက်မှုရှိစေသည့် ကုန်ပစ္စည်းများအစားအသုံးပြုပြီး တစ်ပတ်နွမ်းပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူအသုံးပြုလာခဲ့ခြင်းဖြစ်သည်။ ဗြိတိန်ပြည်သူများ၏ တစ်ပတ်နွမ်းပစ္စည်းဝယ်ယူအသုံးပြုမှုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် တန်ဖိုးအားဖြင့် စတာလင်ပေါင် ၄ ဒသမ ၃ ဘီလီယံရှိခဲ့သည်ဟု Amazon.com မှတင်သွင်းသည့် စီးပွားရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာသုတေသနစင်တာအစီရင်ခံစာတွင်ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတွင် တစ်ပတ်နွမ်းကုန်ပစ္စည်းစျေးကွက်သည် ဆက်လက်မြင့်တက်လာမည့် အလားအလာရှိသောကြောင့် ဥရောပ၏အကြီးဆုံးသော တစ်ပတ်နွမ်းကုန်ပစ္စည်းရောင်းချရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Vinted အနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများအတွက် စျေးကွက်ကို တိုးချဲ့လျက်ရှိသည်။

Vinted ကုမ္ပဏီသည် ယခင်က အဝတ်အစားများကိုသာ အဓိကထားရောင်းချခဲ့သော်လည်း ယခုအခါ ကလေးကစားစရာအရုပ်များ၊ တယ်လီဖုန်းများ၊ ဂိမ်းများအပြင် တန်ဖိုးကြီးလက်ပတ်နာရီများကိုပါ ထည့်သွင်းရောင်းချလျက်ရှိကြောင်း ၎င်းကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်သောမတ်စ်ပလန်တင်ဂါက ပြောကြားထားသည်။

Ref:St

# ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ သွင်းအားစုကုမ္ပဏီများမှတာဝန်ရှိသူများတက်ရောက်ကြသည်။



ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေးလျာထားခဲ့ပြီး ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် မြေသြဇာတန်ချိန် ၉၃၉၆၆၂ ဒသမ ၄၃ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၉၅၁၅ ဒသမ ၇၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင်ရရှိရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ ၂၀၂၅ ခုနှစ် ဇွန်လကုန်ထိ မြေသြဇာတန်ချိန် ၄၃၈၇၀၅ ဒသမ ၇၀ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၉၈၄၀ ဒသမ ၅၀၅ တန် တင်သွင်းထားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများ သုံးစွဲနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး၊ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါဒေသများ၏ လိုအပ်ချက်များကို ဖြန့်ဖြူးနိုင်ရေး ကြိုတင်စီစဉ်ထားရန် လိုအပ်ကြောင်း။

ကုမ္ပဏီများအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းရန်ကျန်ရှိမှုများကို အမြန်တင်သွင်းနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြီးကြပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာ ပိုးသတ်ဆေး အမှတ်တံဆိပ်အလိုက်၊ ကုမ္ပဏီအလိုက် အရည်အသွေး၊ ဈေးနှုန်းတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်းသုံးစွဲသူ တောင်သူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

မြေသြဇာ အသင်းအနေဖြင့်လည်း အသင်းဝင်ကုမ္ပဏီများအား အသင်းမှချမှတ်ထားသော "မူ" များ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်နှင့် မလိုက်နာသည့်ကုမ္ပဏီများကို စိစစ်တင်ပြရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်နေသောကုမ္ပဏီများအတွက် နစ်နာမှုမရှိစေရေး သေချာစိစစ်ဆောင်ရွက်ရန်၊ ကုမ္ပဏီများကလည်း သတ်မှတ်မူများအတိုင်း လိုက်နာဆောင်ရွက်ရန်၊ လိုအပ်ချက်များအပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တောင်သူများလက်ဝယ် သွင်းအားစုများ အချိန်မီရောက်ရှိရေး ဖြန့်ဖြူးရောင်းချပေးမည့်အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက သွင်းအားစုများ ပံ့ပိုးပေးမည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် ကော်မတီအဖွဲ့ဝင် ဦးစီးဌာနများမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ဒက္ခိဏသီရိမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုကျေးရွာသို့သွားရောက်၍ နေပြည်တော်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ကျေးရွာအဝင်လမ်းတွင် ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိုင်ဝမ်ဗာဒံပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ထိုင်ဝမ်ဗာဒံပင် ၄၃၀ စုပေါင်းစိုက်ပျိုးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက်ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၈)ကွင်း၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊ တောင်သူပညာပေး သရုပ်ပြပွဲအခမ်းအနားသို့တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကြဲခင်းစနစ်ပပျောက်အောင် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးစေရေး၊ မိုး၊ ဆောင်း၊ နွေရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေးတို့ကို မှာကြားသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်နိုင်တိုးမျိုးစပါးများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က မျိုးစေ့ချကိရိယာများကိုလည်းကောင်း တောင်သူများထံပေးအပ်ကြပြီး တောင်သူဦးထွန်းငွေ၏ လယ် ၁၇ ဧကတွင် အောင်နိုင်တိုးစပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်းသို့ သွားရောက်၍မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သင်တန်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ပြီး MEVM မဲပေးစက်များ သရုပ်ပြတပ်ဆင်အသုံးပြုပုံကိုကြည့်ရှုကာ သင်တန်းတက်ရောက်မည့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာသို့သွားရောက်ပြီး ဦးအောင်သီဟကျော်၏ ရွှေလွှမ်းအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ဝဏ္ဏသိဒ္ဓိဖူဆယ်လေ့ကျင့်ရေးအားကစားရုံ၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တပ်ကုန်းမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ပထမဆုရရှိသော တပ်ကုန်းမြို့နယ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက သံရည်ကျိုအလုပ်ရုံ(၁) လည်ပတ်ထုတ်လုပ်နေမှု၊ သံရည်ကျိုအလုပ်ရုံ(၂) ပြန်လည်လည်ပတ်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်မှုလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားများအတိုင်းပြီးစီးအောင်ဆောင်ရွက်ရန်၊ သံရည်ကျိုအလုပ်ရုံ(၂) ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများသတ်မှတ်အချိန်အတွင်း အချိန်ကိုက်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ လျာထားချက်နှင့်အညီ လိုအပ်သောသွင်းအားစုများ၊ စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်တင်းဝယ်ယူဆောင်ရွက်ရန်နှင့် ဆက်စပ်ဌာနများနှင့်လည်းညှိနှိုင်းဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံ(၂) လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံအတွင်းရှိ ကရိန်းများ စစ်ဆေးပြုပြင်ပြီး စမ်းသပ်မောင်းနှင်နေမှု၊ လျှပ်ပန်းမီးဖို (EAF)၏ ရေလိုင်း၊ ဟိုက်ဒရောလစ်လိုင်းများအား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကာဗွန်အိုးအတွင်းရှိ ကာဗွန်များနှင့်ချော်များအား ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ သတ်မှတ်သံမဏိအရည်အသွေးရရှိရေးအတွက် ဓာတ်သတ္တုပစ္စည်းများချိန်ညှိသည့်လုံမီးဖို (LF)၏ဟိုက်ဒရောလစ်လိုင်းများ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှု၊ သံမဏိပြားပုံသွင်းစက်(TSC)ပြုပြင်ခြင်းလုပ်ငန်းများအား စတင်ဆောင်ရွက်နေမှု၊ မိုလ်နှင့်ဆက်စပ်အစိတ်အပိုင်းများအား ချိန်ညှိခြင်းလုပ်ငန်းများ ထပ်မံဆောင်ရွက်ရမည့်အခြေအနေ၊ ပင်မအလုပ်ရုံရှိ ဆွဲဆန့်အား စမ်းသပ်စက် (Tensile Testing Machine) များ၊ ကွေးညွှတ်အား စမ်းသပ်စက် (Bend Test Machine) များဖြင့် သံမဏိအရည်အသွေးစမ်းသပ်စစ်ဆေးမှု၊ သံမဏိတုံးအပူပေးကြိတ်စက် (Hot Strip Mill) ၏ Batching Plant တည်ဆောက်မည့်နေရာအား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သံရည်ကျိုအလုပ်ရုံ(၂)ကို လာမည့်စက်တင်ဘာလအတွင်း လည်ပတ်ထုတ်လုပ်နိုင်ရေး တွန်းအားပေးကြိုးစားဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**


# ဒေသအလိုက် မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဒေသအလိုက်မိုးကြီးမည်။

(မိုး/ဇလ)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။




နေပြည်တော် ဇူလိုင် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၉ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ ပန်ချီဟတ်ရွာအနီး ကျိုင်းတုံ-တာချီလိတ် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၇၅၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ နာတလီကျေးရွာအနီး တာချီလိတ်-မိုင်းဆတ်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၁၅၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၂၇၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၇၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၁၈)တန်၊ အခြားသစ် (သုည ဒသမ ၁၄၆)တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Dayan မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၉၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၂၁ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၈၆၈)တန်၊ အခြားသစ်(၃၂ ဒသမ ၆၁၆)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၉၁၁၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင်ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၂၈၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၂၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၂၀ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၉)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၃၀၅၁၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# စက်မှုလယ်ယာစနစ်ကူးပြောင်းပြီး ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များအသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ



ကျောက်ဆည် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လက်ပံကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၅-ခ) ဦးပိုင်အမှတ် (၁၃၇/၁၃၈) တောင်သူဦးသိန်းဇော်ဌေး၏လယ်မြေသုံးဧက၌ ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲနောင်က ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များအသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် ပျိုးထောင်မှုကုန်ကျစရိတ်သက်သာခြင်း၊ ပျိုးသက်နုချိန်တွင် ပြောင်းရွှေ့စိုက်ပျိုးခြင်းဖြင့် ကောက်ပင်သန်စွမ်းခြင်း၊ ကောက်ကွက်ပြည့်မီပြီး ကောက်ပင်မနာသဖြင့် ကောက်ပင်လှန်ရက်မစောင့်ရခြင်း၊ အချိန်၊ လုပ်သား၊ သွင်းအားစုများသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းပြောကြားကာ စက်ပိုင်းဆိုင်ရာအချက်အလက်များအကြောင်းနှင့် သတိပြုလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသရုပ်ပြပွဲသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) စက်ရုံမှူး ဦးမျိုးလွင်ဦး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများ၊ ဒေသခံစပါးစိုက်တောင်သူများ တက်ရောက်ကြပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ဒေးဒရဲမြို့နယ်၌ အမှိုက်အမျိုးအစားများခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်ပုံးအရောင်များခွဲခြားသတ်မှတ်ခြင်း အသိပညာပေး

ဒေးဒရဲ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အခြေခံပညာမူလတန်းကျောင်း၌ အခြေခံပညာကျောင်းများ၊ နေအိမ်များနှင့် လုပ်ငန်းများမှထွက်ရှိသည့်အမှိုက်များကို အမျိုးအစားများခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးအရောင်များခွဲခြားသတ်မှတ်ခြင်း အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ဇာနည်ဝင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်စေရေး၊ အမှိုက်အမျိုးအစားစနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် အမှိုက်ပုံးအရောင်သတ်မှတ်ခြင်းအား ရှင်းလင်းဟောပြောပြီး သရုပ်ပြကြသည်။

ဒေးဒရဲမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန် အမှိုက်စိုများဖြစ်သည့် မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များ၊ သစ်သီးအခွံများနှင့် အစေ့အဆန်များ၊ စားကြွင်းစားကျန်များ၊ အသားငါးများ၊ ဈေးနှင့် စားသောက်ဆိုင်များမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံးအစိမ်းရောင်တွင်လည်းကောင်း၊ အမှိုက်ခြောက်များဖြစ်သည့် ခြောက်သွေ့သောစက္ကူပုံးများ၊ ဖန်ပုလင်းများ၊ သံတို၊ သံစ၊ သတ္တုပစ္စည်းများ၊ အဝတ်အထည်နှင့် ပိတ်စများစသည်တို့ကို အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက်များဖြစ်သည့် ပလတ်စတစ်ပစ္စည်းများနှင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ဘေးအန္တရာယ်ရှိအမှိုက်များဖြစ်သည့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ဘက်ထရီအိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးဘူးများ၊ မှုတ်ဆေးဘူးအမျိုးမျိုးနှင့် မိတ္တူကူးစက်များမှထွက်ရှိသည့် ဆေးအကြွင်းအကျန်များ စသည့်ဘေးအန္တရာယ်ရှိသောအရာများကို အနီရောင်အမှိုက်ပုံးတွင်လည်းကောင်း စွန့်ပစ်ရန်သတ်မှတ်ထားပြီးဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသိရှိနိုင်စေရေး အခြေခံပညာကျောင်းများသို့ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

# ကမ္ဘာ့အဆင့် Mobile Legends အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ Women Invitational 2025 (MWI 2025) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယရရှိခဲ့သော မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့အား ရန်ကုန်လေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆို




ရန်ကုန် ဇူလိုင် ၂၁

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ့်မြို့တွင် ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် MLBB Women Invitational 2025 (MWI 2025) ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့အဆင့် တတိယရရှိခဲ့သော မြန်မာ Esports အားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးအောင်မျိုးဝင်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်း၊ အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သင်တန်းသား၊ သင်တန်းသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ အင်ဒိုနီးရှားနိုင်ငံမှ Team Vitality အသင်း၊ ဒုတိယ အမေရိကန်နိုင်ငံမှ Gaimin Gladiators အသင်း၊ တတိယ မြန်မာနိုင်ငံမှ Terror Queens အသင်းတို့ရရှိခဲ့ကြသည်။


ယနေ့ ပြန်လည်ရောက်ရှိလာသည့် မြန်မာအမျိုးသမီး Esports အဖွဲ့သည် ကမ္ဘာ့အဆင့်ပြိုင်ပွဲ MLBB Women Invitational 2025 (MWI 2025) တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အသင်း ၁၆ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှအသင်းအုပ်ချုပ်သူတစ်ဦး၊ အထွေထွေမန်နေဂျာတစ်ဦး၊ အသင်းမန်နေဂျာတစ်ဦး၊ နည်းပြတစ်ဦး၊ ကစားသမားငါးဦး၊ အရန်ကစားသမားတစ်ဦး စုစုပေါင်း ၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းသည် ယင်း Mobile Legends ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယ ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။


မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်အသင်းဖြစ်သော တတိယဆုရရှိခဲ့သည့် Terror Queens အသင်းသည် Montoon Mobile Legends မှ ၂၀၂၅ ခုနှစ် ဇွန်လ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် MWI 2025 Myanmar Qualifier ပြိုင်ပွဲ Mobile Legends ကစားနည်းတွင် Champion အဖြစ်အနိုင်ရရှိခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်အထိကျင်းပခဲ့သည့် Esports World Cup MLBB Women Invitational 2025 (MWI 2025)သို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။


**ဝန်းရံ**

## အထူးမိုးလေဝသ သတင်း

# တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဝီဖာ" အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင် မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်







နေပြည်တော် ဇူလိုင် ၂၁

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"ဝီဖာ" (WIPHA)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဇူလိုင်လ ၂၂ ရက်**(ယနေ့)**တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင်လ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှလှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ အရာထမ်းလောင်း(အထူး)သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၁

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်ဦးစိုးတင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကိုယ်စားအဖွဲ့ဝင်ဦးစိုးတင့်က အမှာစကားပြောကြားရာတွင် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်လိုအပ်ပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအတွက် အားထားရသော အရာထမ်းများဖြစ်လာစေရန် စဉ်ဆက်မပြတ်ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်းသို့ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၁၂၂ ဦး စုစုပေါင်း ၂၁၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၂၁ ရက်မှ နိုဝင်ဘာလ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ထို့နောက် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရှိ ရေနောက်အင်းကန်အတွင်းသို့ ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးပြီး ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများကလည်း ငါးမျိုးများစိုက်ထည့်ကြသည်။

ယနေ့တွင် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြောင်းသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီရှိ သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့ရိုး၏ ကျုံးအနောက်ဘက်ရှိ စည်ရှည်တံခါးအား ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှု၊ စစ်ကိုင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောသာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှု၊ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများပေးအပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက် အနီးစခန်းသာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိသံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျုံးအနောက်ဘက်ရှိ စည်ရှည်တံခါးအား ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ မြို့ရိုးအတွင်းဘက်ရှိ လှေကားများအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှု၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် YP7 Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ






စာပေမြင့်မှ လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**
ဓာနည်(ဘ)ဦးတင့်လွင်၁၂/စခန(နိုင်)၀၆၇၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၆၅၁၃

**ပျောက်ဆုံးကြောင်း**
ဆွေဇင်နိုင်(ဘ)ဦးတင်မြင့် ၁၄/ပတန(နိုင်) ၁၅၅၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၈၉၈၄

**ပျောက်ဆုံးကြောင်း**
မိုးသီတာ(ခ)မြသူဇာ(ဘ)ဦးသန်း ၁၃/တကန (နိုင်)၀၁၄၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၆၇၇၇၁

**ပျောက်ဆုံးကြောင်း**
ကျော်နိုင်(ဘ)ဦးအောင်ဆန်း ၁၂/မဂဒ(နိုင်) ၂၃၀၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၀၆၆၈၉၇

**ပျောက်ဆုံးကြောင်း**
မေသူလွင်(ဘ)ဦးဖိုးထူး ၇/ဖမန(နိုင်)၂၀၄၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၃၉၉၃၅၀

**ပျောက်ဆုံးကြောင်း**
စိန်စိန်(ဘ)ဦးဖိုးကွန်း ၁၂/မရက(နိုင်)၀၂၁၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၁၃၄၄၁၁

**ပျောက်ဆုံးကြောင်း**
ခင်ဆန်းမြင့်(ဘ)ဦးမြင့်သိန်း ၉/မရတ(နိုင်) ၀၀၉၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၇၀၁၁၀

**ပျောက်ဆုံးကြောင်း**
ကေခိုင်ထွန်း(ဘ)ဦးချစ်ဝင်း ၁၀/သထန(နိုင်) ၂၅၂၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၀၃၁၁၃၆

**ပျောက်ဆုံးကြောင်း**
စသိန်းအောင်(ဘ)ဦးမင်းအောင် ၁၄/ဝခမ (နိုင်)၁၇၇၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၄၀၁၃၁၁

**ပျောက်ဆုံးကြောင်း**
အာကာမျိုး(ဘ)ဦးအောင်ဌေးလွင် ၇/ကတခ(နိုင်)၂၁၈၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၆၂၄၆၂၈

**ပျောက်ဆုံးကြောင်း**
ခိုင်ယဉ်မွန်(ဘ)ဦးသိန်းထွန်း ၁၂/ဒဂမ(နိုင်) ၀၂၈၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၅၃၃၂၅၄

**ပျောက်ဆုံးကြောင်း**
ဝေဝေအောင်(ဘ)ဦးကျင်အောင် ၉/ပဘန (နိုင်)၂၁၉၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၈၀၀၉၅၅

**ပျောက်ဆုံးကြောင်း**
ဆောင်းနှင်းအေး(ဘ)ဦးဝင်းနိုင် ၁၂/တမန(နိုင်)၁၀၈၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နော်ပြည့်ဖြိုးစံ(ဘ)စောရွှေဝင်း ၁၂/အစန(နိုင်)၁၉၆၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၆၆၇၄၉၁

# လီဗာပူးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဖရန့်ဖတ်အသင်းမှ အီကီတီကီကို ယူရို သန်း ၉၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၂၁

လီဗာပူးအသင်းက အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ဖရန့်ဖတ်အသင်း တိုက်စစ်ကစားသမားအီကီတီကီကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော ယူရို သန်း ၉၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်း၌ အသင်းတိုက်စစ်ပိုင်းတွင် ဒါဝင်နူနက်စ်နှင့်ဒီယက်ဇ်တို့အနေဖြင့် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဖြစ်ပြီး အဓိကတိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် ဂျိုတာသည်လည်း ယာဉ်တိမ်းမှောက်မှုဖြင့် သေဆုံးခဲ့သောကြောင့် အသင်းတိုက်စစ်ပိုင်းတွင် ကစားသမားသုံးဦးကို လက်လွှတ်ရမည်ဖြစ်သည့်အတွက် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန်ကြိုးပမ်းခဲ့ရာ အီကီတီကီကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းက အစောပိုင်းက ဦးစားပေးအဖြစ် နယူးကာဆယ်အသင်းမှ အီဆက်ကိုခေါ်ယူရန် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း နယူးကာဆယ်အသင်းက တခြားအသင်းများထံသာ ရောင်းချမည်ဖြစ်ပြီး လီဗာပူးအသင်းထံ ရောင်းချမည်မဟုတ်ဟု ထုတ်ပြန်ခဲ့သည့်အတွက် အီဆက်အားခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ကာ အီကီတီကီကိုသာခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီကီတီကီသည်လည်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် အစောပိုင်းက ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများ၏ စိတ်ဝင်စားခြင်းခံနေရသည့်ကစားသမားဖြစ်လာပြီးနောက် လီဗာပူးအသင်းက တခြားအသင်းများထက် လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းရာမှ ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ ဖြင့် သဘောတူညီမှုရရှိခဲ့ပြီး ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

*Fabrizio Romano*

# ပရီးမီးယားလိဂ်ပြိုင်ပွဲမစတင်မီ အစောဆုံးထုတ်ပယ်ခံရမည့်နည်းပြစာရင်းတွင် မန်ယူအသင်းနည်းပြအမိုရင် ထိပ်ဆုံး၌ရှိနေ

မန်ချက်စတာ ဇူလိုင် ၂၁

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမတိုင်မီ အစောဆုံးထုတ်ပယ်ခံရမည့် နည်းပြစာရင်းတွင် မန်ယူအသင်းနည်းပြ အမိုရင်က ထိပ်ဆုံး၌ရှိနေကြောင်း သိရသည်။

မန်ယူအသင်းနည်းပြ အမိုရင်သည် ပြီးခဲ့သည့်ဘောလုံးရာသီပြီးဆုံးခါနီးတွင် စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြတန်ဟတ်ကို ရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြအမိုရင်ကို ခန့်အပ်ခဲ့သော်လည်း နည်းပြအမိုရင်လက်ထက်တွင်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိဘဲ စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရသည်။

နည်းပြအမိုရင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကို ၃၉ ပွဲတာဝန်ယူကိုင်တွယ်ရာတွင် ၁၆ ပွဲသာအနိုင်ရရှိပြီး ခုနစ်ပွဲသရေရလဒ်နှင့် ၁၆ ပွဲရှုံးနိမ့်ကာ ရလဒ်များ သိသိသာသာဆိုးရွားခဲ့သကဲ့သို့ အသင်းရပ်တည်မှုအနေဖြင့်လည်း အဆင့်(၁၆)နေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ မန်ယူအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များတွင်လည်း ဆက်လက်ရုန်းကန်နေရဆဲဖြစ်ပြီး အာဆီယံအောစတားအသင်းနှင့်ကစားရာတွင် ၁ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဟောင်ကောင်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း လိဒ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။ လက်ရှိတွင် နည်းပြအမိုရင်သည် ရာသီသစ်မစတင်မီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အစောဆုံးထုတ်ပယ်ခံရနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Goal.com*



# ဘောလုံးလောကတွင် ပယ်နယ်တီသွင်းဂိုးမပါဝင်ဘဲ စီရော်နယ်ဒို၏သွင်းဂိုးစံချိန်ကို အင်တာမိုင်ယာမီအသင်းတိုက်စစ်ကစားသမားမက်ဆီ ကျော်ဖြတ်နိုင်



မိုင်ယာမီ ဇူလိုင် ၂၁

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းတိုက်စစ်ကစားသမား မက်ဆီသည် လက်ရှိဘောလုံးလောကတွင် ပယ်နယ်တီသွင်းဂိုးများမပါဝင်ဘဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် စီရော်နယ်ဒိုကို ကျော်ဖြတ်ပြီး ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မေဂျာလိဂ်ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် အင်တာမိုင်ယာမီအသင်းက နယူးယောက်ရက်ဘူးလ်အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ မက်ဆီအနေဖြင့် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ဘောလုံးလောကတွင် ပယ်နယ်တီသွင်းဂိုးများမပါဝင်ဘဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိဘောလုံးလောကတွင် အကောင်းဆုံးကစားသမားအဖြစ် ဆယ်စုနှစ်အတန်ကြာ ရပ်တည်နိုင်ခဲ့ကြသည့် မက်ဆီနှင့်စီရော်နယ်ဒိုတို့သည် အပြန်အလှန်စံချိန်မှတ်တမ်းများကို ကျော်ဖြတ်နိုင်ခဲ့ကြပြီး ယခုအခါတွင်လည်း မက်ဆီက စီရော်နယ်ဒို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် နယူးယောက်ရက်ဘူးလ်အသင်းနှင့်ကစားသည့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ပယ်နယ်တီသွင်းဂိုးများမပါဝင်ဘဲ သွင်းဂိုး ၇၆၄ ဂိုးရှိလာခဲ့ပြီးနောက် စီရော်နယ်ဒို၏ သွင်းဂိုးစံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီမတိုင်မီက ဘောလုံးလောကတွင် ပယ်နယ်တီသွင်းဂိုးများမပါဝင်ဘဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုက ၇၆၃ ဂိုးဖြင့် ရပ်တည်နေခြင်းဖြစ်သည်။

မက်ဆီသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အင်တာမိုင်ယာမီအသင်းနှင့်အတူ မေဂျာလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အင်တာမိုင်ယာမီအသင်းနှင့်အတူ နောက်ဆုံးကစားခဲ့သည့် မေဂျာလိဂ်ပြိုင်ပွဲရှစ်ပွဲတွင် ၁၃ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုငါးကြိမ်ပြုလုပ်ထားပြီး မေဂျာလိဂ်ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် သွင်းဂိုး ၁၈ ဂိုးဖြင့် ထိပ်ဆုံးမှဦးဆောင်နေကြောင်း သိရသည်။

*Ref;Fotmob*

# ဂရင်းဝုဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် အက်သလက်တီကိုအသင်းလည်း ပါဝင်လာ

မက်ဒရစ် ဇူလိုင် ၂၁

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် မာဆေးလ်အသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် တိုက်စစ်ကစားသမားဂရင်းဝုဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် အက်သလက်တီကိုအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

ဂရင်းဝုဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၆ ပွဲကစားရာတွင် ၂၂ ဂိုး သွင်းယူနိုင်ပြီး အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း အသင်းနည်းပြဒီဇာဘီနှင့် ဆက်ဆံရေးမပြေလည်မှုများရှိလာခဲ့ပြီးနောက် အသင်းမှ ပြန်လည်ထွက်ခွာရန်စီစဉ်နေပြီး အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် အက်သလက်တီကိုအသင်းကပါ ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



ပဲခူး ဇူလိုင် ၂၁

ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအား ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာကြီးနှင့်ဆရာမကြီးများ၊ စာအုပ်အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်၊ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ကာယ၊ ဉာဏပြိုင်ပွဲများ၊ ပညာရေးဆိုင်ရာအသိပညာပေးပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ကျောင်းစာကြည့်တိုက်နှင့် သုတ/ရသ စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၆ ဦး၊ တရုတ်နိုင်ငံသား ၁၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာနိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ၅၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင်လ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

(၁၀၀)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း (၁) ရှိ (စက်ဘီးကွင်း) တို့တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်ပွဲကြည့်ပရိသတ်များလာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်၁၈နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းပြန်လည်ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယနေ့ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ တောင်ဒဂုံအားကစားကွင်းတွင်ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်အားကစားကွင်းတွင်ကရင်ပြည်နယ်အသင်းနှင့်ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ YTC လေ့ကျင့်ရေးကွင်း (၁) (စက်ဘီးကွင်း) တွင်ရှမ်းပြည်နယ်အသင်းနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။



ဇူလိုင်လ ၂၂ ရက်တွင် ပြိုင်ပွဲတစ်ရက်ရပ်နားပြီး ဇူလိုင်လ ၂၃ ရက် ညနေ ၃ နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ကချင်ပြည်နယ်အသင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကာ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကုသရန်အတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံး Reagent များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ ။ ။ ၂၁-၇-၂၀၂၅ (တနင်္လာနေ့)
စတင်ရောင်းချမည့်ရက် နံနက်(၉:၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ။ ။ ၄-၈-၂၀၂၅(တနင်္လာနေ့) ညနေ(၄:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါသက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.လ.က(၁)Grade-6 မှ ပညာသင်ကြားနေသော မအိမ့်ဖူးဝေ၏ဖခင်အမည်မှန်မှာ ဦးကိုပိုင် ၁၃/ကလန(နိုင်)၁၂၄၅၇၂ ဖြစ်ပါကြောင်း။ ဦးကိုပိုင်

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးကြည်ဝင်း၏သမီး ဒေါ်တင်တင်ဌေး ၅/မရန(နိုင်)၀၄၇၀၄၁ အား ဒေါ်တင်ဌေးဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဒေါ်တင်ဌေး

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးသန်းရှိန်၏သမီး ဒေါ်အေးဝင်း ၁၃/တကန(နိုင်)၀၈၆၀၉၇ အား ဒေါ်အေးအေးဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဒေါ်အေးအေးဝင်း

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးဝင်းမင်းထွန်း၏သမီး မရွှေယမင်းဦး ၂/လကန(နိုင်)၁၀၃၄၅၃ အား မထက်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မထက်ထက်အောင်

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၆၁x၆၂)လမ်းကြား၊ (၁၉)လမ်းနေ (၁) ဦးကျော်ဆန်းလှ(၁၄/မအပ(နိုင်)၀၀၆၃၄၆)၊ (၂) ဦးသတိုးလှ(၉/မနမ(နိုင်)၀၅၅၈၀၉)ကိုင်ဆောင်သူများမှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၆၁x၆၂)လမ်းကြား၊ (၁၉)လမ်းနေ ဦးသော်တာလှ (၉/ပသက(နိုင်)၁၁၄၄၉၇)ကိုင်ဆောင်သူအား မန္တလေးမြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၉-၁-၂၀၂၄)ရက်နေ့၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၇/၂၀၂၄)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ပါသည်။ ယင်းကဲ့သို့ လွှဲအပ်ပေးထားခဲ့သော အထူးကိုယ်စားလှယ်လွှဲစာသည် ယခုအခါ ဆက်လက်အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ၎င်းမှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးဝင်းမင်းထွန်း၏သား မောင်ကောင်းထက်ထွန်း ၁၃/တကန(နိုင်)၃၄၃၃၂၂ အား မောင်ခန့်ညီညီဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ခန့်ညီညီ

### ပျောက်ဆုံးကြောင်း
မောင်နေလင်းအောင်(ဘ)ဦးမင်းဇော် ၉/ကတန(နိုင်) ၁၉၁၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 916514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
အေးချမ်းအောင်(ဘ)ဦးတင်ညွန့် ၈/အလန(နိုင်)၁၃၃၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 058716)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၁၉၄၁၇

### ပျောက်ဆုံးကြောင်း
ပန်းဝါဝါ(ဘ)ဦးပန်းအေး ၁၂/ဥကမ(နိုင်)၂၀၉၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၅၁၇၆

### ပျောက်ဆုံးကြောင်း
စိုးထိုက်(ဘ)ဦးကြည်စိန် ၉/မခန(နိုင်)၁၆၆၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၅၁၇၆

### ပျောက်ဆုံးကြောင်း
ဝင်းစန္ဒာ(ဘ)ဦးသန်းဝင်း ၁၂/ဒဂတ(နိုင်)၀၅၉၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၅၁၇၆

### ပျောက်ဆုံးကြောင်း
ဦးညွန့်(ဘ)ဦးမှတ် ၉/တသန(နိုင်)၁၃၄၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ငမ်မင်းလျှင်(ဘ)ဦးရှင်ထန်မန် ၅/တမန(နိုင်)၀၈၁၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နှင်းနေလမ်း(ဘ)ဦးကိုင်ခိုထန် ၅/တမန(နိုင်)၀၆၄၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မချယ်ရီ(ဘ)ဦးအိုက်ဖုန်း ၁၃/လရန(နိုင်)၂၂၉၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 000537)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးအေးမွန်(ဘ)ဦးအိုက်ဖုန်း ၁၃/လရန(နိုင်)၂၂၉၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 000538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်မင်းထိုက်(ဘ)ဦးတင်လှ ၁၂/ဒလန(နိုင်)၁၁၂၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လွင်ရာဇာလှမြင့်(ဘ)ဦးလှမြင့် ၁၂/တတန(နိုင်)၂၃၉၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇော်မင်းထိုက်(ဘ)ဦးတင်မူး ၇/ကပက(နိုင်)၀၉၅၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းမြို့မကျေးရွာနေ ဦးစံသိန်း၏ သားအမည်မှန်မှာ ဦးမြင့်လွင် ၈/စလန(နိုင်)၀၀၈၆၃၈ ဖြစ်ပါကြောင်း။
ဦးမြင့်လွင်

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်နု(ဘ)ဦးရှေ ၉/သေရ(နိုင်)၀၁၁၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၉၃၇၂၂၃

### ပျောက်ဆုံးကြောင်း
ထက်ထက်ဝင်း(ဘ)ဦးတင်ဝင်း ၁၄/ဟသတ(နိုင်)၄၀၃၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 863609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

### မွေးသက္ကရာဇ်အမှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးစောနေသန်း၏သား စောဖြိုးဖြိုးထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၁-၂၀၀၉ ဖြစ်ပါကြောင်း။
၁၂-၁၁-၂၀၀၉

### မွေးသက္ကရာဇ်အမှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးခွန်မျိုးဆန်းအောင်၏ သမီး နန်းမေလွင်ဦး၏မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၂-၂၀၀၉ ဖြစ်ပါကြောင်း။
၂၆-၁၂-၂၀၀၉

### မွေးသက္ကရာဇ်အမှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးစောကျော်အဲသို၏ သမီး နန်းမိုးသဲစု၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၂-၂၀၁၀ ဖြစ်ပါကြောင်း။
၁၆-၂-၂၀၁၀

### အမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးခွန်ဘရီ၏ သမီး နန်းရွှေနှင်းရည်၏ အမည်မှန်မှာ နန်းချစ်နှင်းရည်ဖြစ်ပါကြောင်း။
နန်းချစ်နှင်းရည်

### အမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးခွန်လင်းအောင်၏သမီး နန်းစုစုဝေ၏အမည်မှန်မှာ နန်းချစ်စုစုဝေ ဖြစ်ပါကြောင်း။
နန်းချစ်စုစုဝေ

### မွေးသက္ကရာဇ်အမှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)ကျုံစောင့် Grade-10 မှ အဘ ဦးဇော်မျိုးအောင်၏သမီး မခိုင်သဇင်သက်၏မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၁၀ ဖြစ်ပါကြောင်း။
၃၀-၅-၂၀၁၀

### ပျောက်ဆုံးကြောင်း
နန်းဇင်မာကျော်(ဘ)ဦးလဆန်း ၃/ဘအန(နိုင်)၃၅၂၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 795346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(နတ်ကြီး)ကျောင်း၊ Grade-11 မှ မအိအိမိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၁၀/ဘလန(နိုင်)၀၂၃၀၇၁ ဖြစ်ပါကြောင်း။
ဦးဝင်းမောင်

### ပျောက်ဆုံးကြောင်း
စန္ဒာဌေး(ဘ)ဦးလှော်နဇအုပ် ၄/ဖလန(နိုင်)၀၅၁၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကြည်မြင့်(ဘ)ဦးသန်း ၅/ပလန(နိုင်)၀၆၅၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၉၁၁၃၅၇၅

### ပျောက်ဆုံးကြောင်း
ဖြိုးသီဟ(ဘ)ဦးဝင်းကြိုင် ၇/အတန(နိုင်)၁၅၉၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဝဏ္ဏဖြိုး(ဘ)ဦးဝင်းခိုင် ၇/အတန(နိုင်)၁၇၃၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နွယ်နွယ်ဝင်း(ဘ)ဦးတင်လှိုင် ၅/ပလန(နိုင်)၀၆၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၅၉၆၄၄၃

### ပျောက်ဆုံးကြောင်း
ရဲမင်းသိန်း(ဘ)ဦးသန်းရှိန် ၁၂/ဗဟန(နိုင်)၀၇၆၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မကြည်မြင့်(ဘ)ဦးသန်း ၅/ပလန(နိုင်)၀၆၅၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဆုကြူမေ(ဘ)ဦးဆုလင်ယုံ ၁၃/လရန(နိုင်)၀၆၉၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၂၁၇၉၉

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ နယ်မြေ(၇)၊ ရပ်ကွက်(၇)နေ မပိုးနှင်းဖြူ(ဘ)ဦးအိုက်ကမ် ၁၃/လရန(နိုင်)၁၃၃၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၃၄၁၃၄၁

### ပျောက်ဆုံးကြောင်း
တင်ဌေး(ဘ)ဦးဒါရော ၈/ဂဂန(နိုင်)၀၅၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၉၉၁၃၈၁၂

### ပျောက်ဆုံးကြောင်း
ကြူကြူမြင့်(ဘ)ဦးစိုးမြင့် ၅/ကလဝ(နိုင်)၀၀၃၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၀၅၇၄၂၄

### ပျောက်ဆုံးကြောင်း
ကျော်ကျော်(ဘ)ဦးချစ်တင် ၁၂/ကမတ(နိုင်)၀၃၉၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၆၁၈၈၄၉

### ပျောက်ဆုံးကြောင်း
နန်းဆုမွန်ဟန်(ဘ)စိုင်းသာလှ ၁၃/ကမန(နိုင်)၁၃၃၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၅၀၆၆၉၁

### ပျောက်ဆုံးကြောင်း
ခင်ဆွေဦး(ဘ)ဦးစောလွင် ၁၄/ပသန(နိုင်)၂၀၆၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၃၄၂၇၄၇

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရွှေကုက္ကိုလ်မြို့ရွာ၊ အမှတ်(၄)ရပ်ကွက်နေ နန်းကျင်လှ(ဘ) ဦးဟွယ်ဖိုး ၃/ကကရ (နိုင်)၀၈၄၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 025653)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၀၀၅၄၁

### ပျောက်ဆုံးကြောင်း
သာယာဝတီမြို့နယ်၊ ရေဝေရပ်ကွက်နေ မနှင်းချယ်ရီဝင်း(ဘ)ဦးစန်းဝင်း ၇/သဝတ(နိုင်)၁၁၄၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၅၄၈၂၉၅

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ကမာနတ်ကျေးရွာနေ မောင်ကောင်းဆက်နိုင်(ဘ)ဦးမြင့်ဦး ၇/ပခန(နိုင်)၄၀၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးမာချို(ဘ)ဦးသာပိုင် ၈/ဂဂန(နိုင်)၀၉၃၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၈၁၉၅၉၆

### ပျောက်ဆုံးကြောင်း
မျိုးဦး(ဘ)ဦးမျိုးမင်း ၁၂/ရကန(နိုင်)၀၇၂၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၃၉၄၅၁

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ ဝိဒူရလမ်း၊ အမှတ်(၄)ရပ်ကွက်နေ မင်းဝင်းဟန်(ဘ) ဦးဖိုးတန် ၃/ကကရ(နိုင်)၁၂၄၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 332941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၀၀၅၄၁

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ မြတ်သွန်းဝတီသော်(ဘ) ဦးတေဇလင်း မွေးသက္ကရာဇ် ၄-၄-၂၀၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 742023)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၀၅၆၅၈၅

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ကိုတေဇာလင်း(ဘ)ဦးမြတ်ကျော် ၉/ခအန(နိုင်)၀၂၈၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 346669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၀၅၆၅၈၅

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးမြင့်ဆွေ၏သမီး မမြဉ္ဇူမြင့်မြတ်စုသည် မိဘပြောဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။
ဦးမြင့်ဆွေ
၁၃/ကတန(နိုင်)၁၅၂၉၂၆

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## RIVERBANK CHEMICALS PTE LTD.
## (REPRESENTATIVE OFFICE)
### Announcement of Closure of Branch Office in Myanmar

1. It has been decided at a special meeting held on the $31^{st}$ of March, 2025, that RIVERBANK CHEMICALS PTE LTD. (REPRESENTATIVE OFFICE)shall cease all business in Union Of Myanmar.
2. The company hereby announces that its branch office in Union Of Myanmar shall be closed, effective from the $30^{th}$ of June, 2025, in order to inform the public accordingly.

Board Of Directors
RIVERBANK CHEMICALS PTE LTD.
(REPRESENTATIVE OFFICE)


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON
DAGON Lemon Barley Sparkling
DAGON Barley Sparkling
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
VOLVO
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
WQA
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


OUR SERVICES
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services
Foreign Banking Services
" စိတ်ချရတာ မြဝတီဘဏ် "
MPU
Phone No : (01) 2301367, 2301368, 2301452, 2301378


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS) 09-459448201
ရွှေမန်းသူ 09-254781060
မန္တလေးအခြေစိုက် 09-426500153
တော်ဝင် 09-423333250
ပါရမီတက္ကစီ 01-3643641
ကုန်စည် 09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန်တားမြစ်ခြင်း ပင်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## နောင်ချိုမြို့ရှိ အောင်ပွဲရအရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြု၊ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့်စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ကျင်းပပြုလုပ်သည့် အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်း အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်တွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင်တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များတပ်ဆင်ပေးစဉ်။

